# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ ဝါခေါင်လဆန်း (၉)ရက် ၊ စနေနေ့ ၊ (22-8-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၁၄)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုက ဂုဏ်ပြုကြိုဆို၊ တွေ့ဆုံဆွေးနွေး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုတို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။

နေပြည်တော် ဩဂုတ် ၂၁

ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်နိုင်ငံ၌ တရားဝင်ခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ယနေ့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုက သမ္မတနန်းတော်၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုပြီး တွေ့ဆုံဆွေးနွေးသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသော ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ ဒေါက်တာချောချောစိန်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးကိုကိုလွင်၊ ဒေါက်တာချာလီသန်း၊ မြန်မာအာကာသအေဂျင်စီ အမှုဆောင်အရာရှိချုပ် ဒေါက်တာစိုးမြင့်မောင်၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ စာမျက်နှာ ၁၆ ကော်လံ ၁


အမျိုးသားမြေအသုံးချမှုကောင်စီ ပထမအကြိမ် အစည်းအဝေးကျင်းပ ဒုတိယသမ္မတ ဦးညိုစော တက်ရောက်အမှာစကားပြောကြား စာမျက်နှာ - ၂၀

ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(မန္တလေး) ကြည့်ရှုစစ်ဆေး စာမျက်နှာ - ၂၁

နှစ်နိုင်ငံ မဟာဗျူဟာမြောက် မိတ်ဖက် ခရီးလမ်း (၄) ဆောင်းပါး စာမျက်နှာ - ၈


## အားကောင်းသော အယ်လ်နီညိုအခြေအနေတွင် ဆက်လက်တည်ရှိနေ

နေပြည်တော် ဩဂုတ် ၂၁

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့် နိုင်ငံတကာရာသီဥတုဗဟိုဌာနများ၏ ထုတ်ပြန်ချက်များကို အခြေခံ၍ သုံးသပ်ချက်များအရ အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ(Tropical Pacific Ocean)၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားကောင်းသော အယ်လ်နီညိုအခြေအနေတွင် ဆက်လက်တည်ရှိနေပြီး ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အားအလွန်ကောင်းသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့် ဖြစ်စဉ်ဖြစ်သော်လည်း စာမျက်နှာ ၂၈ ကော်လံ ၁

## စက်သုံးဆီအရောင်းဆိုင်များတွင် Barcode/QR Code များကို Scan ဖတ်၍ သတ်မှတ်ချက်များနှင့်အညီ စနစ်တကျရောင်းချနိုင်ရေး ဆောင်ရွက်ထားရှိ

နေပြည်တော် ဩဂုတ် ၂၁

တိုင်းဒေသကြီး၊ ပြည်နယ် ကြီးကြပ်စစ်ဆေးရေး အရာရှိရုံးများအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ရေနံနှင့်ရေနံထွက် ပစ္စည်းဆိုင်ရာလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေး ဆပ်ကော်မတီများနှင့်ပူးပေါင်း၍ သက်ဆိုင်ရာဒေသအလိုက် စက်သုံးဆီအရောင်းဆိုင်များတွင် Barcode/QR Code များကို Scan ဖတ်၍ သတ်မှတ်ချက်များနှင့်အညီ စနစ်တကျရောင်းချနိုင်ရေး၊

စာမျက်နှာ ၂၈ ကော်လံ ၁



ရတနာပုံ
၂၀၂၆ ခုနှစ် ဩဂုတ် ၂၂ ရက်

အယ်ဒီတာ့အာဘော်

# မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းမှုကို ဖော်ဆောင်ပေးမည့်ခရီးစဉ်

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို မြှင့်တင်ရန်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် မောင်းနှင်အားတစ်ရပ်ဖြစ်ပေသည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများသာမက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကိုပါ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ မြန်မာနိုင်ငံ အထူးစီးပွားရေးဇုန်ဥပဒေတို့နှင့်အညီ အားပေးဖိတ်ခေါ်လျက်ရှိသည်။

ယခုအခါတွင်လည်း နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားဝင်ခရီးစဉ်အပြီးတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့သို့ ဆက်လက်ထွက်ခွာခဲ့ရာ ဩဂုတ် ၂၀ ရက် ဒေသစံတော်ချိန် နံနက် ၉နာရီ ၄၅ မိနစ်တွင် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိခဲ့ပြီး လေဆိပ်တွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ကို ဘယ်လာရုစ်နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့က နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်လာရောက်သည့် နိုင်ငံ့ခေါင်းဆောင်များကို ကြိုဆိုသည့်အစဉ်အလာနှင့်အညီ ဂုဏ်ပြုကြိုဆိုခဲ့သည်။

မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့သည် တည်နေရာအရ အလှမ်းဝေးကွာသော်လည်း ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်ယုံကြည်မှု အပြည့်အဝရှိသည့် မိတ်ဆွေစစ်နိုင်ငံများဖြစ်ပြီး နှစ်နိုင်ငံ၏ သံတမန်ဆက်ဆံရေးကို ၁၉၉၉ ခုနှစ် စက်တင်ဘာလမှစပြီး ထူထောင်ခဲ့ရာ ယခုအခါ ၂၆ နှစ်ရှိခဲ့ပြီဖြစ်သည်။

ဩဂုတ်၂၀ ရက်က မင့်စ်မြို့ President ဟိုတယ်၌ ကျင်းပသော ဘယ်လာရုစ်-မြန်မာစီးပွားရေးဖိုရမ်တွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က **"ယခုဖိုရမ်တွင် နှစ်နိုင်ငံစလုံးမှ အထင်ကရ စီးပွားရေးအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များတက်ရောက်နေကြခြင်းဖြစ်သည့်အတွက် ဘယ်လာရုစ်နိုင်ငံမှ လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို လေ့လာသုံးသပ်ပြီး ရေရှည်အကျိုးရှိမည့် ပူးပေါင်းစီမံကိန်းများ ဖော်ဆောင်ကြရန် ဖိတ်ခေါ်လိုကြောင်း၊ မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းဖြင့် နှစ်နိုင်ငံကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှု တိုးတက်လာနိုင်ပြီး ပြည်သူအချင်းချင်း နွေးထွေးသည့်ကူးလူးဆက်သွယ်မှုမှတစ်ဆင့်" အပြန်အလှန်အကျိုးရှိသော မိတ်ဖက်ဆက်ဆံရေး၊ ရေရှည်တည်တံ့သော ရင်းနှီးမြှုပ်နှံမှုနှင့်အတူတကွ ဖွံ့ဖြိုးတိုးတက်မှု"ကို ဆောင်ကြဉ်းနိုင်မည်ဖြစ်ကြောင်း"** အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဘယ်လာရုစ်လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် အာဆီယံဒေသနှင့် အာရှတိုက်၏ ဈေးကွက်ကို ချိတ်ဆက်နိုင်မည်ဖြစ်ပြီး ထိုမှတစ်ဆင့် မြန်မာနိုင်ငံ၏ ထုတ်ကုန်များသည် ဘယ်လာရုစ်နိုင်ငံမှတစ်ဆင့် EAEU အဖွဲ့ဝင်နိုင်ငံများ၏ ကြီးမားသော ဈေးကွက်ကို တံခါးဖွင့်ဝင်ရောက်နိုင်မည့် Win-Win အခြေအနေကို ဖန်တီးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ဘယ်လာရုစ်နိုင်ငံမှ လုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများစတင်ပါက လုပ်ငန်းများ အဆင်ပြေချောမွေ့စွာလည်ပတ်နိုင်စေရေးတို့အတွက် မြန်မာနိုင်ငံတော်အစိုးရက လိုအပ်သည့်ပံ့ပိုးကူညီမှုများကိုလည်း အတတ်နိုင်ဆုံး ဆောင်ရွက်ပေးမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ ဘယ်လာရုစ်နိုင်ငံ ချစ်ကြည်ရေးခရီးစဉ်သည် မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား ရှိရင်းစွဲဆက်ဆံရေးကို ပိုမိုခိုင်မာစေပြီး စိုက်ပျိုးမွေးမြူရေး၊ စီးပွားရေးစသည့်ကဏ္ဍပေါင်းစုံတို့တွင် အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် အောင်မြင်သည့် ခရီးစဉ်တစ်ခုပင်ဖြစ်ပါကြောင်း ဝမ်းမြောက်ဂုဏ်ယူစွာ ရေးသားလိုက်ရပေသည်။

# ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၂၀၇၇၅ ဧက စိုက်ပျိုးမည်


ယခင်နှစ်က မတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**ရေဦး ဩဂုတ် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲ ၂၀၇၇၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ရေဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲ ၂၀၇၇၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ရေဦးမြို့နယ်မှာ မတ်ပဲ ၂၀၇၇၅ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ မတ်ပဲစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးပါမယ်"ဟု ရေဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးငြိမ်းသန့်က ပြောပြသည်။

ရေဦးမြို့နယ်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ရေဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးငြိမ်းသန့်က ပြောပြ၍ သိရသည်။

(၂၀၆)

# ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ပလာတူးငါးခြောက်ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**ငပုတော ဩဂုတ် ၂၁**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ပလာတူး ငါးခြောက်ပိဿာချိန် အများအပြားတင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းလဲ့က ပြောပြသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက ပလာတူး ငါးခြောက်ပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး၊ ဇူလိုင်လအတွင်း ပလာတူးငါးခြောက်ပိဿာချိန် ၅၃၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ပလာတူးငါးခြောက် တစ်ပိဿာလျှင် အရွယ်အစားပေါ်မူတည်ပြီး ငွေကျပ် ၂၇၀၀၀ မှ ၃၅၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇူလိုင်လထဲမှာ ငပုတောမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ပလာတူးငါးခြောက်ပိဿာချိန် ၅၃၀၀၀ ထိ တင်ပို့ရောင်းချခဲ့ပါတယ်။ ငပုတောမြို့နယ်က ပလာတူးငါးခြောက်တွေအပါအဝင် ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကိုပဲ အများဆုံးတင်ပို့ရောင်းချတာ များပါတယ်။ ပလာတူး ငါးခြောက်ကတော့ အများဆုံးတင်ပို့ခဲ့ရပါတယ်" ဟု ငပုတောမြို့နယ် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းလဲ့ထံမှ သိရသည်။

**ကျော်ကျော်လင်း**

# စဉ့်ကိုင်မြို့နယ် လက်ဝဲကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စဉ့်ကိုင် ဩဂုတ် ၂၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လက်ဝဲကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်း (RBF) လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက လက်ဝဲကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်း (RBF) ရန်ပုံငွေဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်း သတ်မှတ်အကောင်ရေပြည့်မီခြင်း ရှိ၊ မရှိ၊ လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက RBF စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါလက်ဝဲကျေးရွာ၌ RBF စီမံကိန်းဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် မျိုးမှန်အဖွဲ့၊ အားမာန်အဖွဲ့၊ ပွင့်သစ်အဖွဲ့နှင့် အောင်ပြည့်ဖြိုး အဖွဲ့လေးဖွဲ့ကို စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ကိုင်သူများ၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများအတွက် လိုအပ်သော အရင်းအနှီးရရှိစေရန် ကျေးလက်စီးပွား မြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း စီမံကိန်း (RBF) စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ထုတ်ချေးပေးထားကြောင်း သိရသည်။

**အောင်ရဲကျော်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂။ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# ဝမ်းတွင်းမြို့နယ် ကုလားရွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း ဩဂုတ် ၂၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကုလားရွာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ဩဂုတ် ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၆၁ ဒသမ ၁ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကုလားရွာကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၅၂ ဦးကို ငွေကျပ် ၄၀ ဒသမ ၁၉ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၁၇ ဒသမ ၂၁ သန်းနှင့် ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၃ ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၆၁ ဒသမ ၁ သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးထံမှ သိရသည်။

**အောင်ရဲကျော်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဒေါ်စန်းရီ မွေးနေ့အထိမ်းအမှတ်အဖြစ် တစ်နေ့တာ ဆွမ်းအတွက် ငွေကျပ် ၅၅၀၀၀၀ လှူဒါန်းရာ ဇီဝတဒါနသံဃာ့ဆေးရုံကြီး၏ ကြီးကြပ်ရေးနှင့် အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးစိုးလင်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာဦးမြတ်ကျော်နှင့် တာဝန်ရှိသူများက လက်ခံရယူစဉ်။

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၄၃၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကျောက်မြောင်း ဩဂုတ် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၄၃၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၄၉၀၃ ဧက စိုက်ပျိုးရန်လျာထားပြီး အဆိုပါ ဟင်းသီးဟင်းရွက် စိုက်ပျိုးမှုကို ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၄၃၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျောက်မြောင်းမြို့နယ်ခွဲမှာ ဟင်းသီးဟင်းရွက် ၄၉၀၃ ဧကလျာထား စိုက်ပျိုးခဲ့ရာမှာ ၄၃၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်းချဉ်၊ မုန်လာဥ စတဲ့သီးနှံတွေအများဆုံး စိုက်ပျိုးထားပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေ ပေးနေပါတယ်"ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ပိုက ပြောပြသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းနှင့် အရည်အသွေးတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ပိုက ပြောပြ၍ သိရသည်။ (၂၀၆)

# သာစည်မြို့နယ် လှိုင်းတက်ကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဩဂုတ် ၂၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက လှိုင်းတက်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက လှိုင်းတက်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) ရန်ပုံငွေကျပ် သန်း ၃၀ ဖြင့် ဆောင်ရွက်ထားသော နွားမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) ကျေးရွာလုပ်ငန်းအဖွဲ့၊ နွားမွေးမြူရေးလုပ်ငန်းဆောင်ရွက်နေသည့် အသက်မွေးဝမ်းကျောင်းအဖွဲ့လေးဖွဲ့မှ အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ တင်ပြချက်များအပေါ်လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

လှိုင်းတက်ကျေးရွာ၌ နွားမွေးမြူရေးလုပ်ငန်း လုပ်ကိုင်နေသည့် အသက်မွေးဝမ်းကျောင်းအဖွဲ့လေးဖွဲ့မှ အသင်းသား၊ အသင်းသူ ဦးရေ ၅၀ ကို ရန်ပုံငွေကျပ်သန်း ၃၀ ထုတ်ချေးပေးထားကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ဖီးကြမ်းငှက်ပျောသီးအဖီးရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ကျောင်းကုန်း ဩဂုတ် ၂၁**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငှက်ပျောသီးအဖီးများ တင်ပို့ရောင်းချလျက်ရှိရာ ဇူလိုင်လအတွင်း ဖီးကြမ်းငှက်ပျောသီးအဖီးရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျောင်းကုန်းမြို့နယ် ငှက်ပျောသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမြတ်က ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက ဖီးကြမ်းငှက်ပျောသီးအဖီးရေ ၄၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ဖီးကြမ်းငှက်ပျောသီးအဖီးရေ ၆၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း ဖီးကြမ်းငှက်ပျောသီးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများပြားခဲ့ပါတယ်။ ဒေသထွက် သီးနှံတွေကို ရန်ကုန်ဈေးကွက်ကိုပဲ တင်ပို့ရောင်းချခဲ့ပါတယ်။ ပြည်တွင်းမှာကို ဖီးကြမ်းငှက်ပျောသီးတွေက ဝယ်လိုအားများနေတဲ့ အခြေအနေရှိနေပါတယ်။ ကျောင်းကုန်းမြို့နယ်က ထွက်ရှိတဲ့ ဖီးကြမ်းငှက်ပျောသီးတွေကို ရန်ကုန်ဈေးကွက်အပြင် အခြားဒေသတွေကိုပါ တင်ပို့ရောင်းချနေပါတယ်" ဟု ကျောင်းကုန်းမြို့နယ် ငှက်ပျောသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမြတ်က ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဖီးကြမ်းငှက်ပျောသီးအဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၆၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ ဖီးကြမ်းငှက်ပျောသီးအဖီးရေ အများအပြား တင်ပို့ရောင်းချအားကောင်းလာခြင်းကြောင့် ငှက်ပျောစိုက်တောင်သူများ၊ ငှက်ပျောသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိကာ လူမှုစီးပွားဘဝများ အဆင်ပြေလျက်ရှိကြောင်း ကျောင်းကုန်းမြို့နယ် ငှက်ပျောသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမြတ်ထံမှ သိရသည်။

**ကျော်ကျော်လင်း**



# ရေမုန်ညင်းနှင့် ကျန်းမာရေး

ဒေါက်တာလပြည့်ခင်

### ရေမုန်ညင်း

ရေမုန်ညင်းသည် စိုစွတ်သောနေရာများတွင် သဘာဝအတိုင်းပေါက်ရောက်လေ့ရှိသော အစိမ်းရောင်ဟင်းသီးဟင်းရွက်တစ်မျိုးဖြစ်သည်။ ရေမုန်ညင်းသည် အနည်းငယ်စပ်ပြီး အာဟာရဓာတ်များစွာပါဝင်သည်။ ရေမုန်ညင်းကို အင်္ဂလိပ်လို Watercress ဟုခေါ်ပြီး မုန်ညင်းမျိုးရင်း Brassicaceae Family တွင်ပါဝင်ပြီး ရုက္ခဗေဒအမည်မှာ Nasturtium Officinale ဟုခေါ်သည်။ ရေမုန်ညင်းသည် ခန္ဓာကိုယ်အတွက် လိုအပ်သောအာဟာရဓာတ်၊ သတ္တုဓာတ်နှင့် ဓာတ်တိုးဆန့်ကျင်အာနိသင်ဓာတ်ပစ္စည်းများ ကြွယ်ဝစွာပါဝင်သည်။

### ရေမုန်ညင်းတွင်ပါဝင်သော အာဟာရဓာတ်များ

ရေမုန်ညင်းသည် ကယ်လိုရီနည်းပါးပြီးအာဟာရဓာတ်များစွာပါဝင်သော အစိမ်းရောင်ဟင်းသီးဟင်းရွက်တစ်မျိုးဖြစ်ကာ ကျန်းမာရေးအတွက် အကျိုးကျေးဇူးများစွာရှိသည်။ ရေမုန်ညင်းတွင် ဗီတာမင်ကေ အလွန်မြင့်မားစွာပါဝင်ပြီး ဗီတာမင်စီဓာတ်မှာ လိမ္မော်သီးထက်ပိုမိုပါဝင်ကာ ဗီတာမင်အေ၊ ဗီတာမင် B6၊ ဗီတာမင် B12 နှင့် ဗီတာမင် B–Complex များလည်း ပါဝင်သည်။ ကယ်လ်စီယမ်၊ သံဓာတ်၊ ပိုတက်စီယမ်၊ မဂ္ဂနီစီယမ်၊ ဖော့စဖရတ်နှင့် သွပ်ဓာတ်စသည့်သတ္တုဓာတ်များ၊ ဓာတ်တိုးဆန့်ကျင်အာနိသင်ပစ္စည်းများဖြစ်သည့် Lutein၊ Zeaxanthin၊ Betacarotene၊ Glucosinolates နှင့် အမျှင်ဓာတ်များ ကြွယ်ဝစွာပါဝင်သည်။

### ကျန်းမာရေးအကျိုးကျေးဇူးများ

ရေမုန်ညင်းသည် ဆေးဝါးမဟုတ်သော်လည်း ပုံမှန်စားပေးပါက မြန်မာ့ရိုးရာတိုင်းရင်းဆေးပညာအရရော ခေတ်သစ်အာဟာရဗေဒအရပါ ကျန်းမာရေးအတွက် အလွန်ကောင်းမွန်ကြောင်း သိရသည်။ ရေမုန်ညင်းတွင် ဗီတာမင်စီနှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများပါဝင်သောကြောင့် ကိုယ်ခံအားကို ကောင်းမွန်စေပြီး ဆဲလ်များကို ဓာတ်တိုးခြင်းဒဏ်မှ ကာကွယ်ပေးနိုင်သည်။ ရေမုန်ညင်းကို ပုံမှန်စားသုံးခြင်းဖြင့် ကိုယ်ခံအားကောင်းမွန်စေပြီး အအေးမိ၊ တုပ်ကွေးကဲ့သို့ရောဂါများကို ကာကွယ်ပေးနိုင်သည်။

### နှလုံးကျန်းမာရေးကို အထောက်အကူပြုခြင်း

ရေမုန်ညင်းတွင် နိုက်ထရိတ်နှင့် ဓာတ်တိုးဆန့်ကျင်အာနိသင်ဓာတ်များပါဝင်သောကြောင့် သွေးလည်ပတ်မှုကောင်းမွန်စေပြီး သွေးပေါင်ချိန်ကို ထိန်းညှိကာ နှလုံးနှင့် သွေးကြောကျန်းမာရေးကို အထောက်အကူပြုနိုင်သည်။ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများကြွယ်ဝမှုကြောင့် အရောင်ကျစေနိုင်ပြီး ဆဲလ်များပျက်စီးခြင်းကိုလျှော့ချပေးကာ နှလုံးကျန်းမာရေးကို အထောက်အကူပြုခြင်းဖြစ်သည်။ ထို့ပြင် ပိုတက်စီယမ်၊ မဂ္ဂနီစီယမ်တို့ မြင့်မားစွာပါဝင်သောကြောင့် သွေးကြောများကို ပျော့ပျောင်းစေပြီး သွေးဖိအားကိုထိန်းညှိပေးခြင်းဖြင့် သွေးတိုးရောဂါကို ကျစေကာ နှလုံးရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးသည်။ Carotenoid ပါဝင်သောကြောင့် လေဖြတ်ခြင်းနှင့် အခြားနာတာရှည်ရောဂါများမဖြစ်စေရန်လည်း ကာကွယ်ပေးသည်။ ရေမုန်ညင်းကဲ့သို့ အစိမ်းရောင်ဟင်းသီးဟင်းရွက်အများစုက သွေးတွင်းကိုလက်စထရောကိုကျဆင်းစေပြီး နှလုံးသွေးကြောကျဉ်းရောဂါမဖြစ်စေရန် ကာကွယ်ပေးနိုင်သောကြောင့် သင့်တင့်မျှတစွာစားသုံးသင့်သည်။

### ဆီးချိုရောဂါသက်သာစေခြင်း

ရေမုန်ညင်းသည် သွေးတွင်းသကြားဓာတ်ကို ထိန်းချုပ်ပေးနိုင်ပြီး သွေးတွင်းဂလူးကို့စ် မြင့်မားခြင်းကို သက်သာစေသည်။ အမျှင်ဓာတ်ကြွယ်ဝစွာပါဝင်ပြီး ကာဘိုဟိုက်ဒရိတ်စုပ်ယူမှုကို လျော့ကျစေသဖြင့် ဆီးချိုရောဂါဝေဒနာရှင်များအတွက် အထူးပင်ကောင်းမွန်သည်။

### မျက်စိအမြင်အာရုံကို ကောင်းမွန်စေခြင်း

ရေမုန်ညင်းတွင် ဗီတာမင်အေ၊ လူတင်နှင့် ဇီယာဇန်သင်းဟူသည့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများနှင့် သွပ်ဓာတ်များပါဝင်သောကြောင့် မျက်စိအမြင်အာရုံကို ထိန်းသိမ်းရာတွင် အထောက်အကူဖြစ်စေနိုင်ပြီး အသက်အရွယ်ကြောင့် မျက်စိကွယ်ခြင်းမှ ကာကွယ်ပေးသည်။ ဗီတာမင်စီပါဝင်မှုကြောင့် မျက်စိအမြင်အာရုံကောင်းစေပြီး ကျန်းမာစေရန် ထောက်ကူပေး



သောကြောင့် မျက်စိရေတိမ်မဖြစ်စေရန် ရေမုန်ညင်းကို စားပေးသင့်သည်။

### ဦးနှောက်ကို ကျန်းမာစေခြင်း

ရေမုန်ညင်းတွင် Isothiocyanates ကြွယ်ဝစွာပါဝင်မှုကြောင့် ဦးနှောက်ကျန်းမာစေရန် ထောက်ကူပေးသည့်အပြင် ဦးနှောက်ကိုအရွယ်တင်စေပြီးရောဂါခံစားရခြင်းများမဖြစ်စေရန် ကူညီပေးနိုင်သည်။

### ကင်ဆာရောဂါကို လျှော့ချနိုင်ခြင်း

ရေမုန်ညင်းတွင် Glucosinolates နှင့် Isothiocyanates ကဲ့သို့ ဇီဝတက်ကြွဓာတ်များပါဝင်မှုကြောင့် ကင်ဆာဆဲလ်များကြီးထွားမှုကို လျှော့ချနိုင်ပြီး DNA ပျက်စီးမှုကြောင့် ကင်ဆာဖြစ်နိုင်ခြေကို လျှော့ချပေးပြီး အထူးသဖြင့် အဆုတ်ကင်ဆာ၊ အစာအိမ်ကင်ဆာ၊ ရင်သားကင်ဆာနှင့် အူမကြီးကင်ဆာတို့မဖြစ်ပွားစေရန် ကာကွယ်ပေးသည်။

### အစာခြေစနစ်ကိုကောင်းမွန်စေပြီး ကိုယ်အလေးချိန် ထိန်းညှိနိုင်ခြင်း

ရေမုန်ညင်းသည် အာဟာရဓာတ်နှင့်အမျှင်ဓာတ်ကြွယ်ဝသော ဟင်းသီးဟင်းရွက်ဖြစ်သောကြောင့် အချို့သူများတွင် ရေမုန်ညင်းစားသုံးပြီးနောက် ဝမ်းပျော့ခြင်း သို့မဟုတ် ဝမ်းသွားခြင်းဖြစ်ပေါ်နိုင်သည်။ အစာခြေစနစ်ကို ကောင်းမွန်စေပြီး ဝမ်းမှန်စေသည်။ ရေမုန်ညင်းသည် ကယ်လိုရီနည်းပြီး အာဟာရဓာတ်များစွာပါဝင်သဖြင့် ကိုယ်အလေးချိန်ထိန်းလိုသူများအတွက် သင့်တော်သည်။

### ခန္ဓာကိုယ်အပူငြိမ်းစေပြီး ဝမ်းချုပ်ခြင်းကို သက်သာစေနိုင်ခြင်း

ရေမုန်ညင်းသည် အေးသည့်အာနိသင်ရှိသောကြောင့် ဆီးပူ၊ ဆီးအောင့်ခြင်းများကို သက်သာစေပြီး ခန္ဓာကိုယ်တွင်းအပူဒဏ်ကို လျော့ကျစေသည်။ ရေမုန်ညင်းတွင် အမျှင်ဓာတ်များကြွယ်ဝစွာပါဝင်၍ အစာခြေစနစ်ကို ကောင်းမွန်စေသည့်အတွက် ဝမ်းချုပ်ခြင်းကို ကာကွယ်ပေးနိုင်သည်။

### ကိုယ်ခံအားစနစ်ကောင်းမွန်၍ အရိုးအဆစ်သန်မာစေခြင်း

ရေမုန်ညင်းတွင် ဗီတာမင်စီကြွယ်ဝသဖြင့် ကိုယ်ခံအားကို မြှင့်တင်ပေးပြီး ကိုယ်ခံအားစနစ်ကို ကောင်းမွန်စေသည့်အတွက် အအေးမိဖျားနာ၊ တုပ်ကွေးရောဂါများ အလွယ်တကူမဖြစ်စေနိုင်ဟု ဆိုကြသည်။ ရေမုန်ညင်းတွင် ဗီတာမင်ကေနှင့် ကယ်လ်စီယမ်ကြွယ်ဝစွာပါဝင်မှုကြောင့် အရိုးများကိုသန်မာစေပြီး အရိုးသိပ်သည်းဆကိုတိုးစေနိုင်သည်။ ဖော့စ်ဖိတ်ဓာတ်ပါဝင်မှုကြောင့်လည်း အမျိုးသမီးများကို အသက်အရွယ်ကြောင့်ဖြစ်တတ်သည့် အရိုးပါးခြင်း၊ အရိုးပွခြင်းမျိုးမဖြစ်ရန် ကာကွယ်ပေးသည်။ ရေမုန်ညင်းတွင် ဗီတာမင်ကေနှင့် ကယ်လ်စီယမ်ဓာတ်ပါဝင်မှုကြောင့် သွားများကိုခိုင်မာစေသည်။

### သွေးအားနည်းခြင်းကို ကာကွယ်ပေးခြင်း

ရေမုန်ညင်းတွင် သံဓာတ်နှင့် ဖောလစ်အက်စစ်ဓာတ်များပါဝင်သောကြောင့် အရိုးများကိုသန်မာစေပြီး ဗီတာမင်စီဓာတ်ပါဝင်မှုကြောင့်လည်း သံဓာတ်စုပ်ယူမှုကိုအားကောင်းစေပြီး သွေးအားနည်းခြင်းကို ကုသပေးနိုင်သည်။ ရေမုန်ညင်းတွင် ဗီတာမင်စီနှင့် ဗီတာမင်အီးတို့ ကြွယ်ဝစွာပါဝင်မှုကြောင့် ကိုယ်ခံအားကောင်းစေပြီး ဓာတ်တိုးပစ္စည်းများကြောင့် သွေးနီဥဆဲလ်များမပျက်စီးစေရန် ထောက်ကူပေးနိုင်သည်။ ရေမုန်ညင်းတွင်ပါဝင်သော ဗီတာမင်စီက သွေးဖြူဥဆဲလ်များကိုတိုးစေပြီး ရောဂါများကို တိုက်ထုတ်နိုင်ရန်နှင့် သွေးအားနည်းခြင်းမဖြစ်စေရန် ကာကွယ်ပေးနိုင်သည်။

### ချောင်းဆိုးခြင်းကို သက်သာစေခြင်း

ရေမုန်ညင်းတွင် ချောင်းဆိုးခြင်းကို သက်သာပျောက်ကင်းစေသည့်ဂုဏ်သတ္တိ အပြည့်အဝပါရှိသောကြောင့် အချိန်ကြာမြင့်စွာ ချောင်းဆိုးနေသူများသက်သာစေရန်အတွက် ရေမုန်ညင်းကို အစာလည်းဆေး၊ ဆေးလည်းအစာအဖြစ် စားသုံးပေးသင့်သည်။

ရေမုန်ညင်းကို လိမ္မော်သီး၊ မုန်လာဥနီ စသည့် အခြားသောသီးနှံများနှင့်ရောကြိတ်ပြီး ဖျော်စပ်သောက်ပေးခြင်းဖြင့် အသည်းတွင် အရက်ကြောင့်ဖြစ်ပေါ်နေသည့် အဆိပ်အတောက်များကို ခန္ဓာကိုယ်အတွင်းမှဖယ်ရှားပေးပြီး အရက်နာကျသည့်ရောဂါကိုလည်း သက်သာပျောက်ကင်းစေသည်။

### သိုင်းရွိုက်ဂလင်းလုပ်ဆောင်မှုကို အားကောင်းစေခြင်း

ရေမုန်ညင်းသည် သိုင်းရွိုက်ဂလင်း၏လုပ်ဆောင်မှုကို အားကောင်းစေသောကြောင့် Hypothyroid ရောဂါဝေဒနာရှင်များအတွက် ကောင်းမွန်သော်လည်း အိုင်အိုဒင်းဓာတ်ပါဝင်သဖြင့် Hyperthyroid ရောဂါဝေဒနာရှင်များအနေဖြင့် ရှောင်ကြဉ်ခြင်း သို့မဟုတ် အကန့်အသတ်ဖြင့်သာ စားသုံးခြင်းတို့ ပြုလုပ်သင့်သည်။

အရသာရှိပြီး အာဟာရဓာတ်ကြွယ်ဝသည့် ရေမုန်ညင်းကို အိမ်တွင်းဆေးတစ်ခွက်အနေဖြင့် ချောင်းဆိုးရင်ကျပ်ခြင်း၊ အဖျားကူးလွယ်ခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူလမ်းကြောင်းဆိုင်ရာပြဿနာများကို ဖြေရှင်းရန်အတွက်လည်း အသုံးပြုနိုင်သည်။ အဆိုပါ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများဖြစ်ပွားပါက လတ်ဆတ်သော ရေမုန်ညင်း တစ်အောင်စခန့်ကို တစ်ရက်လျှင် နှစ်ကြိမ်မှ သုံးကြိမ်ခန့်စားသုံးပေးခြင်း၊ ရေမုန်ညင်းပြုတ်ထားသည့် အရည်ခပ်နွေးနွေးကို သောက်ပေးခြင်း၊ ရေမုန်ညင်းတစ်စည်းကို မုန်လာဥနီနှစ်လုံး၊ သုံးလုံးနှင့် ချင်းလက်မဝက်ခန့်ရောပြီး ဖျော်ရည်လုပ်သောက်ပေးခြင်းဖြင့် ကုသပျောက်ကင်းနိုင်သည်။

### သတိပြုစားသုံးသင့်

ရေမုန်ညင်းတွင် ဗီတာမင်ကေ များစွာပါဝင်သောကြောင့် Warfarin ကဲ့သို့ သွေးကျဲဆေးသောက်နေသူများသည် ဆရာဝန်နှင့်တိုင်ပင်ပြီးမှ သင့်တော်ရုံသာ စားသုံးသင့်သည်။ ရေမုန်ညင်းတွင် ပိုတက်စီယမ်နှင့် Oxalates ပါဝင်မှုမြင့်မားသောကြောင့် ကျောက်ကပ်ရောဂါအပြင် ကျောက်ကပ်ကျောက်တည်လွယ်သူများ အလွန်အကျွံမစားသုံးသင့်ပေ။ ရေမုန်ညင်းသည် မုန်ညင်းမျိုးရင်းဖြစ်သဖြင့် Goitrogens ပါဝင်သောကြောင့် သိုင်းရွိုက်ဟော်မုန်းအထွက်နည်းသူများ ရေမုန်ညင်းအစိမ်း အများအပြားစားသုံးခြင်းကို ရှောင်ကြဉ်သင့်သည်။

ရေမုန်ညင်းကို သေချာမဆေးဘဲ သို့မဟုတ် သန့်ရှင်းမှုမရှိသောရေတွင် ပေါက်သောအပင်ကို အစိမ်းအတိုင်းစားသုံးပါက ရေနေ ပါရာဆိုက်များ၊ ဘက်တီးရီးယား၊ ကပ်ပါးပိုး သို့မဟုတ် အခြားပိုးမွှားများကြောင့် ဝမ်းလျှောနိုင်သည်။ ရေမုန်ညင်းကို တစ်ကြိမ်တည်းအများအပြားစားသုံးခြင်း သို့မဟုတ် အစိမ်းအတိုင်းမသန့်ရှင်းသောရေမုန်ညင်းကို စားသုံးခြင်းကြောင့် ဝမ်းပျော့ခြင်း၊ ဝမ်းသွားခြင်း သို့မဟုတ် ဗိုက်အောင့်ခြင်းတို့ဖြစ်ပေါ်နိုင်သည်။ ထို့ကြောင့် ရေမုန်ညင်းကို သန့်ရှင်းစွာဆေးကြောပြီး သင့်တင့်သောပမာဏသာ စားသုံးသင့်သည်။ မည်သည့်အမျှင်ဓာတ်ကြွယ်ဝသောအစားအစာမဆို ရုတ်တရက် အများကြီးစားသုံးပါက ဝမ်းပျော့ခြင်း သို့မဟုတ် ဝမ်းသွားခြင်းဖြစ်နိုင်သည်။

### အနှစ်ချုပ်

အချုပ်အားဖြင့် ရေမုန်ညင်းသည် စိုက်ပျိုးရလွယ်ကူပြီး တန်ဖိုးနည်းသော်လည်း အာဟာရတန်ဖိုးကြွယ်ဝစွာပါဝင်သည့် ဟင်းသီးဟင်းရွက်တစ်မျိုးဖြစ်သည်။ ရေမုန်ညင်းက ခန္ဓာကိုယ်အတွက် လိုအပ်သောဗီတာမင်နှင့် သတ္တုဓာတ်များကိုပေးစွမ်းနိုင်ပြီး အသားအရေကိုလှပစေခြင်း၊ သွေးသန့်စေခြင်း၊ ဆီးရှင်စေခြင်း၊ ချွဲသလိပ်များကို ဖယ်ရှားပေးခြင်း၊ ကင်ဆာကိုတိုက်ဖျက်နိုင်စွမ်းရှိခြင်း၊ နှလုံးကျန်းမာရေးအတွက်ကောင်းခြင်း၊ ကျောက်ကပ်နှင့် ဆီးအိမ်ကျောက်များကိုချေဖျက်ပေးခြင်း၊ ကိုယ်ခံအားမြှင့်တင်စေခြင်း၊ မျက်စိကျန်းမာရေးကိုထိန်းသိမ်းပေးနိုင်ခြင်း၊ အာဟာရဓာတ်များစုပ်ယူမှုကို အားကောင်းစေခြင်း၊ အရိုးပွရောဂါများမှ ကာကွယ်ပေးနိုင်ခြင်း၊ ရောဂါပိုးများနှင့် ဗိုင်းရပ်ပိုးများကို တိုက်ဖျက်ပေးခြင်း၊ အိုင်အိုဒင်းပါဝင်မှုမြင့်မားခြင်း စသည့်ကျန်းမာရေးကောင်းကျိုးများကိုပေးစွမ်းနိုင်သော ကျန်းမာရေးနှင့်ညီညွတ်သည့် အစိမ်းရောင်ဟင်းသီးဟင်းရွက်တစ်မျိုးဖြစ်သည်။ သို့ရာတွင် သန့်ရှင်းမှုနှင့်စားသုံးမှုပမာဏကိုဂရုစိုက်မှသာ ၎င်း၏အကျိုးကျေးဇူးများကို လုံခြုံစိတ်ချစွာရရှိနိုင်မည်ဖြစ်သောကြောင့် သန့်ရှင်းစွာပြင်ဆင်၍ မျှတစွာစားသုံးပါက ကျန်းမာရေးကောင်းမွန်စေရန် များစွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ကြွက်သားတွေကလည်း ပိုမို အဆီပိုတွေ မရှိတော့ဘူးဆိုရင် ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ် တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ရေဦးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၁၂၀၇၅ ဧက စိုက်ပျိုးမည်



ယခင်နှစ်က ပဲကြီးစိုက်ခင်းကို တွေ့ရစဉ်။

ရေဦး ဩဂုတ် ၂၁

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၁၂၀၇၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ရေဦးခရိုင်တွင် မြို့နယ်အလိုက် ပဲကြီးစိုက်ပျိုးရန် လျာထားမှုအနေဖြင့် ရေဦးမြို့နယ်တွင် ၆၀၅၉ ဧက၊ တန့်ဆည်မြို့နယ်တွင် ၄၃ ဧက၊ ဒီပဲယင်းမြို့နယ်တွင် ၅၉၇၃ ဧက စုစုပေါင်း ၁၂၀၇၅ ဧက ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ရေဦးခရိုင်မှာ ပဲကြီးဧက ၁၂၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ပဲကြီးစိုက်ပျိုးမှုအနေနဲ့ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမယ်။ ပဲကြီးအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်သွားပါမယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ပဲကြီးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပို့ကုန်မှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲကြီးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဇာဇာမင်းက ပြောပြခဲ့သည်။ (၂၀၆)

# သဲကုန်းမြို့နယ် ရင်းတိုက်တန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေ ထုတ်ချေး

သဲကုန်း ဩဂုတ် ၂၁

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရင်းတိုက်တန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၂၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သဲကုန်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိဦးကျော်မင်းထွန်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ရန်ပုံငွေထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိဦးကျော်မင်းထွန်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၂၆ သိန်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရင်းတိုက်တန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၉၉ ဦးကို ငွေကျပ် ၂၀ ဒသမ ၂ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၃ ဦးကို ငွေကျပ် ၈ ဒသမ ၂ သိန်း၊ စက်ချုပ်လုပ်ငန်း လုပ်ကိုင်သူ လေးဦးကို ငွေကျပ် တစ်သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၆ ဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေကျပ် ၂၉ ဒသမ ၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ သန္တာ

## တစ်ခြမ်းပဲ့လ

- အလွမ်းဖွဲ့စရာ ကဗျာရေးချင်ရဲ့
တစ်ခြမ်းပဲ့ လကလေးရယ်။

- အမှောင်မကြိုက်ပေမဲ့
မှောင်မိုက်မှာ တလည်လည်နှင့်
အသည်းငယ်စရာ အခြေမလှလေတဲ့
လွဲမဖယ်သာ နွေဘဝတွင်မှ
ငွေလရယ် ကူငင်လာတော့
အလင်းမျှင် ရောင်ခြည်တန်းရယ်ကြောင့်
လမ်းမြင်ခဲ့တယ်။

- ဘယ်တောင်ကို ဘယ်လိုဖောက်
ဘယ်ချောက်ကို ဘယ်သို့ကျော်
ဘယ်လှျိုပေါ် ဘယ်လိုသွားရယ်လို့
စကားဆိုသယောင်မို့
လရောင်ဖြာ လမ်းစုံဖြူးတဲ့ပြင်
ညမှောင်မှာ ပန်းငုံဖူးတွေနဲ့
ကြည်နူးဖွယ် တောအလယ်
မောတယ်လို့ မဆိုသာခဲ့။

- ဘဝလမ်း
ဖြောင့်တန်းကာ အခြေမြင့်ပါလို့
သင့်တင့်စွာ အလှရှိလေမှ
'လပြည့်'တွေ ဘယ်လိုကြဲလို့
အဘယ်ပုံ ကြင်နာဖိတ်စေတော့
အတိတ် ဟိုယခင်က
ချိုတဲ့စဉ် ဖေးကူဖူးလေတဲ့
ကျေးဇူးရှင် လမ်းပြမှုကိုပဲ
အထူးပင် တဆဆမှန်းကာနဲ့
စိတ်ကူးတွင် တသသလွမ်းပါရဲ့
ဩော်… လတစ်ခြမ်းပဲ့။ ။

မြင်းမူမောင်နိုင်မိုး

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

á **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။

á မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# တရုတ်နှင့် အင်ဒိုနီးရှား နိုင်ငံခြားရေးနှင့် ကာကွယ်ရေးဝန်ကြီးတို့ ဂျကာတာ၌တွေ့ဆုံ




**ဂျကာတာ ဩဂုတ် ၂၁**

တရုတ်နိုင်ငံခြားရေး ဝန်ကြီး ဝမ်ယီနှင့် ကာကွယ်ရေးဝန်ကြီး တောင်ကျွန်းတို့သည် ယနေ့တွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ အင်ဒိုနီးရှားနိုင်ငံခြားရေး ဝန်ကြီး ဆူဂျီအိုနို၊ ကာကွယ်ရေးဝန်ကြီး ဂျာဖရီဂျမ်ဆော့ဒ်ဒင်တို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

ဂျကာတာ ဆွေးနွေးပွဲတွင် တရုတ်နှင့် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးများနှင့် ကာကွယ်ရေးဝန်ကြီးတို့သည် နှစ်နိုင်ငံလုံခြုံရေး၊ နိုင်ငံရေး၊ စီးပွားရေးကိစ္စများကို အဓိကထား ဆွေးနွေးခဲ့ကြကြောင်း အင်ဒိုနီးရှားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

တစ်ဖက်စောင်းနင်းပြုမူ မှုများ၊ ဗိုလ်ကျစိုးမိုးရေး ဝါဒများကြောင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုနှင့် တည်ငြိမ်ရေးတို့အပေါ် အကျိုးသက်ရောက်မှုများ ရှိလာချိန်တွင် တရုတ်နိုင်ငံအနေဖြင့် တရုတ်နှင့် အင်ဒိုနီးရှားနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကို မြှင့်တင်ရန် ရည်ရွယ်ထားကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီက ဆွေးနွေးပွဲ အဖွင့်မိန့်ခွန်း၌ ပြောကြားခဲ့သည်။

တောင်တရုတ် ပင်လယ်ဒေသ၌ တရုတ်နှင့် ဒေသတွင်းနိုင်ငံများကြား တင်းမာမှုမြင့်တက်နေချိန်တွင် တရုတ်နှင့် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးများနှင့် ကာကွယ်ရေးဝန်ကြီးတို့ တွေ့ဆုံဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံသည် တရုတ်နှင့် အမေရိကန် နှစ်နိုင်ငံလုံးနှင့် ထိတွေ့ဆက်ဆံရာတွင် ဆက်ဆံရေးချိန်ခွင်လျှာကိုထိန်းညှိရန်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# အလယ်ခေတ်စစ်သည်တော် မင်းသားတစ်ဦး၏ ရုပ်ကြွင်းကို ရုရှားသမ္မတ ပူတင် သွားရောက်စစ်ဆေး

**မော်စကို ဩဂုတ် ၂၁**

ရုရှားသမ္မတပူတင်သည် မကြာသေးမီက တူးဖော်တွေ့ရှိထားသည့် အလယ်ခေတ် ရုရှားစစ်သူရဲကောင်း မင်းသားဒီမီထရီဒွန်ကွိုင်း၏ ရုပ်ကြွင်းကို ဩဂုတ် ၂၀ ရက်တွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

မင်းသား ဒီမီထရီဒွန်ကွိုင်း၏ ရုပ်ကြွင်းကို ပြီးခဲ့သည့်လအတွင်း မော်စကိုမြို့ အာ့ချ်အိန်ဂျယ် ဘုရားကျောင်းအတွင်း ပြန်လည်ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

ရုရှား သမိုင်းပညာရှင်များသည် အာ့ချ်အိန်ဂျယ် ဘုရားကျောင်းကို ပြီးခဲ့သည့်လက ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ လုပ်ဆောင်နေစဉ် အဆိုပါရုပ်ကြွင်းကို ဘုရားကျောင်း တောင်ဘက်နံရံအနီး မြေအောက်ဂူတစ်ခုထဲတွင် ရှာဖွေတွေ့ရှိခဲ့ကြသည်။



ရုရှားမီဒီယာများ၏ အဆိုအရ သမ္မတပူတင်သည် ဩဂုတ် ၂၀ ရက်တွင် အာ့ချ်အိန်ဂျယ်ဘုရားကျောင်းသို့ သွားရောက်ခဲ့ပြီး ရှေးဟောင်းသုတေသန ပညာရှင်များနှင့်အတူ မင်းသားဒီမီထရီဒွန်ကွိုင်း၏ ရုပ်ကြွင်းကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

မင်းသား ဒီမီထရီဒွန်ကွိုင်းသည် ၁၄ ရာစုခေတ်ရုရှားမင်းသားတစ်ဦးဖြစ်ပြီး အသက် ၃၅ နှင့် ၄၅ နှစ်ကြားတွင် ကွယ်လွန်ခဲ့ခြင်းဖြစ်ကြောင်း ရုရှားရှေးဟောင်းသုတေသနပညာရှင်များက ပြောကြားထားသည်။

မင်းသား ဒီမီထရီဒွန်ကွိုင်းသည် ရုရှားရာဇဝင်၌ ထင်ရှားသည့် မင်းသားဖြစ်ပြီး ကရင်မလင်နန်းတော်၏ ပထမဆုံး ကျောက်တုံးခံတပ်ကို တည်ဆောက်ခဲ့သူ ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# တာတိုပစ်ဘလစ်စတစ်ဒုံးကျည် ၁၀ စင်း မြောက်ကိုရီးယားနိုင်ငံ စမ်းသပ်ပစ်လွှတ်

**ဆိုးလ် ဩဂုတ် ၂၁**

မြောက်ကိုရီးယား နိုင်ငံသည် ဩဂုတ် ၂၀ ရက်တွင် တာတိုပစ်ဘလစ်စတစ်ဒုံးကျည် ၁၀ စင်းကို ကိုရီးယားကျွန်းဆွယ် အရှေ့ဘက်ကမ်းရိုးတန်း ရေပြင်အတွင်းသို့ စမ်းသပ် ပစ်လွှတ်ခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့က နှစ်စဉ်ပြုလုပ်မြဲ အာလ်ချီဖရီးဒမ်းရှီးလ် ပူးတွဲစစ်ရေးလေ့ကျင့်မှု ပြုလုပ်နေချိန်တွင် မြောက်ကိုရီးယားနိုင်ငံက ဘလစ်စတစ် ဒုံးကျည်များ စမ်းသပ်ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယား နိုင်ငံ၏ ဩဂုတ် ၂၀ ရက် ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုများကို တောင်ကိုရီးယားသမ္မတရုံးက ဝေဖန်ပြောကြားခဲ့ပြီး အရေးပေါ်လုံခြုံရေး အစည်းအဝေးတစ်ရပ် ခေါ်ယူကျင်းပခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယား နိုင်ငံ၏ ဘလစ်စတစ် ဒုံးကျည်များ စမ်းသပ်ပစ်လွှတ်မှုသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များကို ချိုးဖောက်ရာရောက်ကြောင်း တောင်ကိုရီးယား သမ္မတရုံးက သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် မြောက်ကိုရီးယားနိုင်ငံ အနေဖြင့် ဘလစ်စတစ်ဒုံးကျည် စမ်းသပ်ပစ်လွှတ်မှုများ ရပ်တန့်ရန်လည်း တောင်ကိုရီးယားသမ္မတရုံးက မြောက်ကိုရီးယားကို တိုက်တွန်းပြောကြားထားသည်။

မြောက်ကိုရီးယား နိုင်ငံက ဩဂုတ် ၂၀ ရက်တွင် လွှတ်တင်ခဲ့သော ဘလစ်စတစ်ဒုံးကျည်များသည် ကီလိုမီတာ ၃၀၀ ခန့်ပျံသန်းခဲ့ပြီးနောက် ပင်လယ်ရေပြင်အတွင်း ကျရောက်ခဲ့သည်ဟု တောင်ကိုရီးယား ပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့ရုံးက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# အလာစကာပြည်နယ်၌ လေယာဉ်ပျက်ကျ လိုက်ပါလာသူ ရှစ်ဦးသေဆုံး

**နယူးယောက် ဩဂုတ် ၂၁**

အမေရိကန်နိုင်ငံ အလာစကာပြည်နယ်၌ ဩဂုတ် ၂၀ ရက်က စင်းလုံးငှား လေယာဉ်တစ်စင်း ပျက်ကျခဲ့ရာ လိုက်ပါလာသူ ရှစ်ဦး သေဆုံးခဲ့ကြောင်း အမေရိကန်မီဒီယာများက သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ပျက်ကျခဲ့သော လေယာဉ်မှာ အန်းကားရိတ်ချ်မြို့ အခြေစိုက် စင်းလုံးငှား လေယာဉ်ကုမ္ပဏီတစ်ခုက ပိုင်ဆိုင်သော ဆက်စနာ ၄၄၁ လေယာဉ်ငယ်တစ်စင်းဖြစ်သည်။

အဆိုပါ လေယာဉ်ငယ်သည် အလာစကာပြည်နယ် ကိပ်နီဝန်ဟမ် အယ်လ်အာရ်အာရ်အက်စ် လေဆိပ်၏ အနောက်ဘက်တွင် ပျက်ကျခဲ့ခြင်းဖြစ်သည်။

အဆိုပါ လေယာဉ်ငယ်သည် အန်းကားရိတ်ချ် နိုင်ငံတကာလေဆိပ်မှ ကိပ်နီဝန်ဟမ်မြို့သို့ ပျံသန်းနေစဉ် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်အစိုးရ ဖက်ဒရယ် လေကြောင်းပျံသန်းရေးအာဏာပိုင်အဖွဲ့က သတင်းထုတ်ပြန်ထားသည်။

အဆိုပါ လေယာဉ်ငယ်သည် အမေရိကန်တပ်မတော်၏ ရေဒါစခန်းတစ်ခုအနီး ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် လေယာဉ်ပျက်ကျမှုအကြောင်းရင်းကို ဖက်ဒရယ် လေကြောင်းအာဏာပိုင် အဖွဲ့က စုံစမ်း စစ်ဆေးလျက်ရှိကြောင်း သိရသည်။

Ref : RT

Trs : KKO

# ကုလသမဂ္ဂအတွင်းရေးမှူးချုပ်သစ် ရာထူးအတွက် ဒုတိယမြောက် အလွတ်သဘောမဲခွဲပွဲ လုံခြုံရေးကောင်စီ ကျင်းပ



**နယူးယောက် ဩဂုတ် ၂၁**

ကုလသမဂ္ဂ၏ ဩဇာအာဏာ အကြီးမားဆုံး အဖွဲ့အစည်းဖြစ်သော လုံခြုံရေးကောင်စီသည် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်သစ် ရွေးချယ်ပွဲအတွက် ဒုတိယမြောက် အလွတ်သဘောမဲခွဲပွဲကို ယနေ့တွင် ကျင်းပခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်သစ် ရွေးချယ်ပွဲအတွက် ပထမဆုံး အလွတ်သဘောမဲခွဲပွဲကို လုံခြုံရေးကောင်စီက ပြီးခဲ့သည့်လအတွင်း ကျင်းပခဲ့ပြီးဖြစ်သည်။

အဆိုပါ အလွတ်သဘောမဲခွဲပွဲမှ ပေါ်ထွက်လာသည့် ရလဒ်များအရ ကော်စတာရီကာ ဒုတိယသမ္မတဟောင်း ရီဘက်ကာဂရင်းစပင်းမှာ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရာထူး ရယူနိုင်မည့်သူအဖြစ် အလားအလာ ကောင်းနေကြောင်း သိရသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်သစ်ရွေးချယ်ပွဲတွင် ကော်စတာရီကာ၊ အာဂျင်တီးနား၊ ချီလီ၊ အီကွေဒေါ၊ ဂူယာနာ၊ ယူဂန်ဒါ၊ ဆီနီဂေါနိုင်ငံတို့မှ ကိုယ်စားလှယ်လောင်းရှစ်ဦး ပါဝင်လျက်ရှိသည်။

ယခုနှစ် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်သစ်ရွေးချယ်ပွဲ၌ အနိုင်ရမည့်သူသည် ၁၀ ဦးမြောက် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အဖြစ် ၂၀၂၇ ခုနှစ် ဇန်နဝါရီလတွင် စတင်တာဝန် ထမ်းဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## စပေ့အိတ်ကုမ္ပဏီက ယခုနှစ်အတွင်း အကြိမ် ၁၀၀ မြောက် ဖယ်လ်ကွန်-၉ ဒုံးပျံမစ်ရှင်အဖြစ် စတားလင့်ခ်ဂြိုဟ်တုများကိုလွှတ်တင်ခဲ့



ဝါရှင်တန် ဩဂုတ် ၂၁

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့အိတ်ကုမ္ပဏီသည် ယခုနှစ်အတွင်း အကြိမ် ၁၀၀ မြောက် ဖယ်လ်ကွန်-၉ ဒုံးပျံမစ်ရှင်အဖြစ် စတားလင့်ခ်ဂြိုဟ်တုများကို လွှတ်တင်ခဲ့သည်ဟု ဩဂုတ် ၂၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားကြောင်း သိရသည်။

စတားလင့်ခ်ဂြိုဟ်တု ၂၄ စင်းကို သယ်ဆောင်ထားသော ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၆၁ ဒသမ ၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် သယ်ဆောင်ထားသည့် စတားလင့်ခ်ဂြိုဟ်တု ၂၄ စင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း စပေ့အိတ်ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်ကမူ လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်အကြာတွင် ပစိဖိတ်သမုဒ္ဒရာအတွင်း အသင့်စောင့်ဆိုင်းနေသော မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါမစ်ရှင်သည် ယခုနှစ်၏ အကြိမ် ၁၀၀ မြောက် ဖယ်လ်ကွန်- ၉ မစ်ရှင်ဖြစ်ပြီး စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် ၇၄ ကြိမ်မြောက် မစ်ရှင်ဖြစ်ကြောင်း သိရသည်။

အဆိုပါမစ်ရှင် အောင်မြင်မှုကြောင့် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်တွင် ဂြိုဟ်တုစင်းရေ ၁၁၀၀၀ ခန့်ထိ ရှိလာခဲ့ပြီဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## သမင်ချိုများတွင်ပါဝင်သည့် ဓာတုပစ္စည်းက အရိုးကျိုးမှုကို အချိန်တိုအတွင်းကုသပေးနိုင်

နယူးယောက် ဩဂုတ် ၂၁

သမင်ချိုများတွင် ပါဝင်သည့် ဓာတုပစ္စည်းများသည် ကျိုးအက်နေသည့် အရိုးများလျင်မြန်စွာ ပြန်လည် ကောင်းမွန်လာရေးအတွက် အချိန်တိုအတွင်း ကုသပေးနိုင်ကြောင်း သုတေသနညာရှင်များ၏အဆိုကိုကိုးကား၍ ဩဂုတ် ၂၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန်နှင့် တရုတ်သုတေသနပညာရှင်များသည် သမင်ချိုတွင် ပါဝင်သည့် ဓာတုပစ္စည်းများကို အရိုးကျိုးအက်နေသော ကြွက်များအားထိုးနှံပေးခဲ့ရာ ကျိုးအက်နေသည့်အရိုးများ အချိန်တိုအတွင်း ပြန်လည် ကောင်းမွန်လာသည်ကို တွေ့ရကြောင်း၊ သမင်ချိုများတွင် ပါဝင်သည့် Polypeptides ခေါ် ဓာတု ပစ္စည်းတစ်မျိုးသည် အရိုးများ ပြန်ထွက်လာနိုင်ရေးအတွက် အထောက်အကူ ပြုကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

အရိုးများကျိုးအက်ခဲ့ပါက အပြည့်အဝ ပြန်ဆက်နိုင်ရေးအတွက် ပုံမှန်အားဖြင့် သီတင်းငါးပတ်ကြာမျှ အချိန်ယူရတတ်ကြောင်း၊ သို့ရာတွင် Polypeptides ဓာတုပစ္စည်းများဖြင့် ကုသမှုခံယူထားသော ကြွက်များတွင် ကျိုးအက်နေသည့် အရိုးများမှာ ၂၁ ရက်အကြာတွင် ပြန်လည်ကောင်းမွန်လာသည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

ယခင်ပြုလုပ်ခဲ့သည့် လေ့လာချက်များတွင် သမင်ချို၌ပါဝင်သော ဓာတုပစ္စည်းများသည် ကင်ဆာရောဂါကို ကုသရာတွင်လည်း အထောက်အကူ ပြုနိုင်ကြောင်း သုတေသနပညာရှင်များကတင်ပြခဲ့ဖူးသည်။

Ref : Sputnik News
Trs : KKO

## တရုတ်အမျိုးသားအာကာသအေဂျင်စီက ချန်အာ-၇ လဆင်းယာဉ်ကို လွှတ်တင်ရေးအတွက် ပြင်ဆင်မှုများပြုလုပ်နေပြီဖြစ်



ပေကျင်း ဩဂုတ် ၂၁

တရုတ် အမျိုးသားအာကာသ အေဂျင်စီသည် ချန်အာ-၇ လဆင်းယာဉ်ကို လွှတ်တင်ရေးအတွက် ပြင်ဆင်မှုများ ပြုလုပ်နေပြီဖြစ်ကြောင်း ဩဂုတ် ၂၀ ရက် သတင်းများအရ သိရသည်။

လွှတ်တင်ရေးအတွက်ကြိုတင်ပြင်ဆင်သည့်အနေဖြင့် တရုတ်အမျိုးသား အာကာသအေဂျင်စီသည် ချန်အာ-၇ လဆင်းယာဉ်နှင့် လောင်းမတ်ချ်-၅ ဝိုင် ၁၄ ဒုံးပျံတို့ကို လွှတ်တင်ရေးနယ်မြေသို့ ဩဂုတ် ၁၉ ရက်တွင် ပို့ဆောင်ခဲ့ကြောင်း သိရသည်။

တရုတ် အမျိုးသားအာကာသ အေဂျင်စီသည် ချန်အာ-၇ လဆင်းယာဉ်ကို တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန်ပြည်နယ် ဝန်ချန်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် ချန်အာ-၇ လဆင်းယာဉ် လွှတ်တင်မည့်ရက်ကို တရုတ်အမျိုးသား အာကာသအေဂျင်စီက ထုတ်ပြန်ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

ချန်အာ-၇ လဆင်းယာဉ်သည် လကမ္ဘာတောင်ဝင်ရိုးစွန်းဒေသ၌ ဆင်းသက်ရန် စီစဉ်ထားကြောင်း တရုတ်အမျိုးသား အာကာသအေဂျင်စီ တာဝန်ရှိသူများက ပြောကြားသည်။

လကမ္ဘာ တောင်ဝင်ရိုးစွန်းဒေသ၌ ဆင်းသက်ပြီးချိန်တွင် ချန်အာ-၇ လဆင်းယာဉ်သည် အမြဲတမ်း အမှောင်ရိပ်ကျနေတတ်သော လကမ္ဘာဥက္ကာချိုင့်ဝှမ်းနယ်မြေများကို စူးစမ်းလေ့လာမည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

## Liquid Biopsy သွေးစစ်နည်းဖြင့် ကင်ဆာဆဲလ်များ တစ်ကျော့ပြန်ပေါ်နိုင်ခြေကို ဖော်ထုတ်နိုင်

လန်ဒန် ဩဂုတ် ၂၁

Liquid Biopsy သွေးစစ်နည်းတစ်မျိုးဖြင့် ကင်ဆာဆဲလ်များ တစ်ကျော့ပြန် ပေါ်လာနိုင်မှု လက္ခဏာများကို ကြိုတင်ထောက်လှမ်း ဖော်ထုတ်ပေးနိုင်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုကိုကိုးကား၍ ဩဂုတ် ၂၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

Liquid Biopsy အမည်ရှိ အထက်ပါ သွေးစစ်နည်းသည် သွေးလည်ပတ်မှုစနစ်အတွင်းရှိနေသော ကင်ဆာဆဲလ်မျိုးဗီဇ မော်လီကျူး(ဒီအင်န်အေ)များကို ထောက်လှမ်းပေးနိုင်ပြီး ကင်ဆာနှင့်ဆက်စပ်နေသော မျိုးဗီဇအပြောင်းအလဲများကို ရှာဖွေပေးနိုင်ကြောင်း သိရသည်။

သွေးအတွင်း လှည့်ပတ်နေသည့် ကင်ဆာဆဲလ်မျိုးဗီဇများကို ဖော်ထုတ်စစ်ဆေးခြင်းဖြင့် ကင်ဆာဆဲလ်များ တစ်ကျော့ပြန်ပေါ်လာနိုင်ခြေ ရှိ၊ မရှိကို ရောဂါလက္ခဏာများမပေါ်မီ ဖော်ထုတ်ပေးနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

ဗြိတိန် သုတေသနပညာရှင်များ၏ လက်တွေ့စမ်းသပ်မှုအရ Liquid Biopsy သွေးစစ်နည်းသည် သွေးလည်ပတ်မှု စနစ်အတွင်းရှိ ကင်ဆာဆဲလ် မျိုးဗီဇမော်လီကျူးများကို ရှာဖွေစစ်ဆေးပေးနိုင်သည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ သွေးလည်ပတ်မှုစနစ်အတွင်းရှိကင်ဆာဆဲလ်မော်လီကျူးအပိုင်းအစများသည် ကင်ဆာကုထုံးများ၏ အာနိသင်ထိရောက်မှုရှိ၊မရှိကို ပြသနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today
Trs : KKO



## တရုတ်နိုင်ငံအခြေစိုက် အာကာသနည်းပညာကုမ္ပဏီတစ်ခုဖြစ်သော လန်းစပေ့ကုမ္ပဏီက ကျူကေး-၃ ဒုံးပျံကို အောင်မြင်စွာလွှတ်တင်

ပေကျင်း ဩဂုတ် ၂၁

တရုတ်နိုင်ငံ အခြေစိုက် အာကာသနည်းပညာ ကုမ္ပဏီတစ်ခုဖြစ်သော လန်းစပေ့ကုမ္ပဏီသည် ကျူကေး-၃ ဒုံးပျံကို လွှတ်တင်ခဲ့ရာ အောင်မြင်မှုရရှိခဲ့သည်ဟု ဩဂုတ် ၂၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားကြောင်း သိရသည်။

လန်းစပေ့ ကုမ္ပဏီသည် ကျူကေး-၃ ဒုံးပျံကို တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း တုန်ဖန်း အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မကြာမီမှာပင် ကျူကေး-၃ ဒုံးပျံ၏ ထိပ်ဖူးအဆင့် ဒုံးယာဉ်သည် ဟောင်းဟူ-၀၃ အမည်ရှိ ဂြိုဟ်တုကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ခဲ့သည်။

ထို့ပြင် ကျူကေး-၃ ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်မှာလည်း အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့သည်။

အထက်ပါ အောင်မြင်မှုကြောင့် လန်းစပေ့ကုမ္ပဏီသည် ဒုံးပျံယာဉ် ပထမအဆင့် ပင်မကိုယ်ထည်ကို အောင်မြင်စွာပြန်လည်ရယူနိုင်ခဲ့သော ပထမဆုံး ပုဂ္ဂလိက တရုတ်အာကာသနည်းပညာကုမ္ပဏီ ဖြစ်လာခဲ့ရသည်။

ယခုနှစ် ဇူလိုင် ၁၀ ရက်ကလည်း တရုတ်အမျိုးသား အာကာသအေဂျင်စီသည် လောင်းမတ်ချ်-၁၀ ဘီ ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်ကို အောင်မြင်စွာ ပြန်လည်ရယူနိုင်ခဲ့ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# နှစ်နိုင်ငံ မဟာဗျူဟာမြောက် မိတ်ဖက်ခရီးလမ်း(၄)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Alexander Turchin က ဂါရဝပြုတွေ့ဆုံစဉ်။ (၂၀-၈-၂၀၂၆)

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်တဲ့ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဟာ ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုရဲ့ ဖိတ်ကြားချက်အရ ဩဂုတ် ၂၀ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီ တိတိမှာ မော်စကိုမြို့ရှိ ဘနုကာဘာ အပြည်ပြည်ဆိုင်ရာ လေဆိပ်ကနေ ဘယ်လာရုစ်နိုင်ငံဆီကို အထူးလေယာဉ်နဲ့ ဆက်လက်ထွက်ခွာခဲ့ပါတယ်။

ဒီလို နိုင်ငံအကြီးအကဲတွေရဲ့ အပြန်အလှန်လေးစားမှုနဲ့ ဖိတ်ကြားမှုတွေဟာ နိုင်ငံတကာဆက်ဆံရေး မျက်နှာစာမှာ မြန်မာနိုင်ငံရဲ့ရပ်တည်မှုကို ပိုမိုခိုင်မာစေပါတယ်။ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဟာ မော်စကိုမြို့ရဲ့နံနက်ခင်းအလှကို ကြည်နူးစွာနှုတ်ဆက်ရင်း ဘယ်လာရုစ်နိုင်ငံဆီကို စိတ်အားထက်သန်မှုအပြည့်နဲ့ ခရီးဆက်ခဲ့ကြပါတယ်။

**မင့်စ်မြို့တော်၏ နွေးထွေးသောကြိုဆိုမှု**

အထူးလေယာဉ်ကြီးဟာ ဒေသစံတော်ချိန် နံနက် ၉ နာရီ ၄၅ မိနစ်မှာတော့ ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ဆိုက်ရောက်လာခဲ့ပါတယ်။ လေဆိပ်ကို ရောက်ရောက်ချင်းမှာပဲ မင့်စ်မြို့ရဲ့ အေးမြသာယာပြီး ကြည်လင်လှပတဲ့ ရာသီဥတုက လှိုက်လှဲစွာ ဆီးကြိုလို့နေပါတယ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဘယ်လာရုစ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Viktor Karankievch နှင့် တာဝန်ရှိသူများက ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်စဉ်။ (၂၀-၈-၂၀၂၆)

နိုင်ငံတော်သမ္မတနဲ့အဖွဲ့ကို ဘယ်လာရုစ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Mr. Viktor Karankievch၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Sergey Lukashevich တို့က ရင်းနှီးနွေးထွေးစွာ လာရောက်ကြိုဆိုခဲ့ကြပါတယ်။ ဒ့ါပြင် မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သံအမတ်ကြီးနဲ့ ဘယ်လာရုစ်ဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမောင်မောင်စိုးတို့ အပါအဝင် တာဝန်ရှိသူတွေကလည်း လှိုက်လှိုက်လှဲလှဲ စောင့်ကြိုနှုတ်ဆက်ခဲ့ကြပါတယ်။

လေဆိပ်မြင်ကွင်းကတော့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်တွေရဲ့ ထုံးတမ်းစဉ်လာနဲ့အညီ ခမ်းနားထည်ဝါလှပါတယ်။ ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံတော်ဂုဏ်ပြုတပ်ဖွဲ့က ကော်ဇောနီလျှောက်လမ်းရဲ့ တစ်ဖက်တစ်ချက်မှာ နေရာယူပြီး နိုင်ငံ့ခေါင်းဆောင်တစ်ဦးကို ဂုဏ်ပြုကြိုဆိုတဲ့ အစဉ်အလာနဲ့အညီ သိုက်သိုက်ဝန်းဝန်း ကြိုဆိုခဲ့ကြတာပါ။ ဒီလိုခမ်းနားတဲ့ ကြိုဆိုမှုဟာ ဥရောပအရှေ့ပိုင်းက လှပတဲ့နိုင်ငံတစ်နိုင်ငံနဲ့ အမိမြန်မာနိုင်ငံကြားက နွေးထွေးတဲ့ ဆက်ဆံရေးကို ဖော်ညွှန်းပြသနေပါတယ်။ကြည်နူးဖွယ်နံနက်ခင်းမှာ လေဆိပ်ပရဝဏ်အတွင်း လေပြည်ညင်းလေးတွေ တသုန်သုန်ဆော်သွေးတိုက်ခတ်လို့နေပါတယ်။ နှစ်နိုင်ငံချစ်ကြည်ရေးအတွက် ကောင်းမွန်တဲ့ နိမိတ်လက္ခဏာတစ်ခုလို့ မှတ်ယူမိပါတယ်။

**အောင်ပွဲခံအထိမ်းအမှတ် ကျောက်တိုင်နှင့် သမိုင်းဝင်ဂုဏ်ပြုမှု**

လေဆိပ်က ထွက်ခွာလာပြီးနောက် ပထမဆုံးသွားရောက်ခဲ့တဲ့ နေရာကတော့ မင့်စ်မြို့အလယ်က သမိုင်းဝင် The Victory Monument လို့ခေါ်တဲ့ အောင်ပွဲခံအထိမ်းအမှတ် ကျောက်တိုင်ကြီးဆီကိုပဲ ဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်း နာဇီကျူးကျော်သူတွေကို တွန်းလှန်ရင်း ကျဆုံးခဲ့ရတဲ့ ဆိုဗီယက်တပ်မတော်သားတွေနဲ့ ဘယ်လာရုစ်ပြောက်ကျားရဲဘော်တွေကိုရည်စူးပြီး တည်ဆောက်ထားတဲ့ နေရာတစ်ခုပါ။

၁၉၅၄ ခုနှစ်မှာ စတင်တည်ဆောက်ခဲ့တဲ့ ဒီကျောက်တိုင်ကြီးဟာ အမြင့် ၃၈ မီတာရှိပြီး မင့်စ်မြို့ရဲ့ ဂုဏ်ယူဝင့်ကြွားဖွယ် အထင်ကရနေရာတစ်ခုလည်း ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတကြီးက လွမ်းသူ့ပန်းခွေချအလေးပြုခဲ့ပြီး ဘယ်လာရုစ်ဂုဏ်ပြုတပ်ဖွဲ့က နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများကို တီးမှုတ်ဂုဏ်ပြုခဲ့ပါတယ်။

ကျောက်တိုင်ရဲ့ခြေရင်းမှာတော့ နိုင်ငံအတွက် အသက်ပေးလှူသွားသူတွေကို အောက်မေ့သတိရစေဖို့ "ထာဝရငြိမ်းချမ်းရေးမီးတောက်"ကို အမြဲမပြတ်ထွန်းညှိထားတာကို မြင်တွေ့ခဲ့ရပါတယ်။ ဒီမီးတောက်လေးဟာ မင့်စ်မြို့ရဲ့ အေးစိမ့်စိမ့် ရာသီဥတုကြားမှာတောင် မငြိမ်းဘဲ တောက်လောင်နေခြင်းအားဖြင့် သူ့ရဲကောင်းတို့ရဲ့ မဆုတ်မနစ်သောစိတ်ဓာတ်ကို ကိုယ်စားပြုနေတယ်လို့ ခံစားမိစေပါတယ်။

**နှစ်နိုင်ငံသံတမန်ရေးရာနှင့် အပြုသဘောဆောင်သော ဆွေးနွေးမှုများ**

အဲဒီနောက်မှာတော့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၄၅ မိနစ်မှာ မင့်စ်မြို့က President ဟိုတယ်မှာ အရေးပါတဲ့ တွေ့ဆုံမှုတစ်ခုကို ပြုလုပ်ခဲ့ပါတယ်။ ဘယ်လာရုစ်သမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Mr. Alexander Turchin က နိုင်ငံတော်သမ္မတကြီးထံ လာရောက်ဂါရဝပြုတွေ့ဆုံခြင်းပဲဖြစ်ပါတယ်။ နှစ်နိုင်ငံခေါင်းဆောင်တွေဟာ ပုဂ္ဂိုလ်ရေးအရ ခင်မင်ရင်းနှီးမှုရှိပြီးသားဖြစ်တာကြောင့် ဆွေးနွေးပွဲဟာ အလွန်ကို ရင်းနှီးနွေးထွေးပြီး အပြုသဘောဆောင်တာကို တွေ့ရပါတယ်။

မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံကြား သံတမန်ဆက်ဆံရေးကို ၁၉၉၉ ခုနှစ် စက်တင်ဘာလကတည်းက ထူထောင်ခဲ့တာဖြစ်လို့ ယခုဆိုရင် ၂၆ နှစ်တိုင်တိုင် ရှိခဲ့ပြီဖြစ်ပါတယ်။ ဒီလိုရှည်ကြာခဲ့ပြီဖြစ်တဲ့ သံတမန်ဆက်ဆံရေး သမိုင်းကြောင်းတစ်လျှောက်မှာ ဘယ်လာရုစ်နိုင်ငံဟာ မြန်မာနိုင်ငံအပေါ် အစဉ်တစိုက်နားလည်မှုရှိရှိနဲ့ ရပ်တည်ပေးခဲ့တဲ့ မိတ်ဆွေကောင်းနိုင်ငံတစ်ခုဖြစ်ပါတယ်။ အထူးသဖြင့် နိုင်ငံတကာမျက်နှာစာမှာ စိန်ခေါ်မှုတွေရှိနေတဲ့ ကာလတွေမှာတောင် ခိုင်မာစွာ အတူယှဉ်တွဲရပ်တည်ပေးခဲ့တာကို အသိအမှတ်ပြုရမှာပါ။

ယခုခရီးစဉ်အတွင်းမှာလည်း မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ လမ်းပြမြေပုံ (၂၀၂၆-၂၀၂၈)ကို ရေးဆွဲအကောင်အထည်ဖော်နေပြီလို့ ဝန်ကြီးချုပ်က ထည့်သွင်းပြောကြားခဲ့ပါတယ်။ ဒါဟာ နှစ်နိုင်ငံဆက်ဆံရေးကို အစဉ်အလာမိတ်ဖက်အဆင့်ကနေ မဟာဗျူဟာမြောက် လက်တွဲဖော်အဆင့်ထိ တိုးမြှင့်လိုက်တဲ့ သမိုင်းဝင်ခြေလှမ်းတစ်ရပ်ပဲ ဖြစ်ပါတယ်။

နိုင်ငံတော် သမ္မတကြီးကလည်း ဘယ်လာရုစ်နိုင်ငံရဲ့ လှိုက်လှဲနွေးထွေးတဲ့ ကြိုဆိုမှုနဲ့ မင့်စ်မြို့ရဲ့ သာယာလှပတဲ့ရာသီဥတုကို ချီးကျူးစကားဆိုရင်း ပြန်လည်ဆွေးနွေးခဲ့ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်တာနဲ့အညီ အရှေ့တောင်အာရှဒေသမှာဘယ်လာရုစ်နိုင်ငံရဲ့ ယုံကြည်ရတဲ့ မိတ်ဆွေရင်းနိုင်ငံတစ်ခုဖြစ်ကြောင်း အလေးအနက်ထားပြောကြားခဲ့ပါတယ်။ ခေါင်းဆောင်နှစ်ဦးရဲ့ ဆွေးနွေးမှုတွေထဲမှာ စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍနဲ့ ရင်းနှီးမြှုပ်နှံမှု ကဏ္ဍအပါအဝင် ကဏ္ဍပေါင်းစုံမှာ ပူးပေါင်းဆောင်ရွက်ဖို့ ပါဝင်ခဲ့ပါတယ်။ ဒီတွေ့ဆုံမှုဟာ အနာဂတ်မှာ နှစ်နိုင်ငံကြား စီးပွားရေးနဲ့ နည်းပညာဖလှယ်မှုတွေ ပိုမိုအားကောင်းလာစေဖို့ အခိုင်အမာ လမ်းခင်းပေးလိုက်တာလည်း ဖြစ်ပါတယ်။

မင့်စ်မြို့မှာရှိတဲ့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးကို မကြာသေးမီကပဲ မြန်မာသံရုံးအဖြစ် အဆင့်မြှင့်တင်နိုင်ခဲ့တာဟာ နှစ်နိုင်ငံဆက်ဆံရေး အနီးကပ်ဆုံးနဲ့ အမြင့်ဆုံးအဆင့်ကို ရောက်ရှိလာတယ်ဆိုတဲ့ ထင်ရှားတဲ့သက်သေပြချက်တစ်ခုပါပဲ။ ခေတ်သစ်ကမ္ဘာ့ပထဝီနိုင်ငံရေး စိန်ခေါ်မှုတွေ မြင့်မားနေချိန်မှာတောင် ဒီလိုအပြန်အလှန် ယုံကြည်မှုတည်ဆောက်နိုင်တာဟာ ချီးကျူးစရာ သံတမန်ရေးရာအောင်မြင်မှုတစ်ခုဖြစ်ပါတယ်။ ရှေ့ဆက်ပြီးတော့လည်း ဒီခိုင်မာတဲ့ အခြေခံအုတ်မြစ်ပေါ်ကနေ နှစ်နိုင်ငံပြည်သူတွေအတွက် အကျိုးရှိမယ့် ရလဒ်ကောင်းတွေ မလွဲမသွေ ပေါ်ပေါက်လာပါလိမ့်မယ်။

**မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်နှင့် အနာဂတ်ရင်းနှီးမြှုပ်နှံမှု**

ဆွေးနွေးပွဲအပြီး နံနက် ၁၁ နာရီမှာတော့ President ဟိုတယ်မှာပဲ မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်ကိုခမ်းနားစွာ ကျင်းပခဲ့ပါတယ်။ ဒီဖိုရမ်ကို နိုင်ငံတော်သမ္မတကြီးနဲ့ ဘယ်လာရုစ်ဝန်ကြီးချုပ်တို့ ကိုယ်တိုင်တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားခဲ့ကြပါတယ်။ အခမ်းအနားကို မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ဝင်တွေ၊ သံအမတ်ကြီးတွေ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်က တာဝန်ရှိသူတွေနဲ့ နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်တွေ တက်ရောက်ခဲ့ကြပါတယ်။ ခန်းမကြီးထဲမှာတော့ နှစ်နိုင်ငံ လုပ်ငန်းရှင်တွေကြား အပြန်အလှန် မိတ်ဆက်ဆွေးနွေးနေကြတဲ့ မြင်ကွင်းဟာ အလွန်အင်မတန်မှ ပနံရတင့်တယ်လှပြီး သက်ဝင်လှုပ်ရှားလျက်ရှိပါတယ်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုမည့်နေရာသို့ ရောက်ရှိရာ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒားလူကာရှန်ကိုက ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကြသည်။ ထိုအချိန်တွင် ဂုဏ်ပြုစစ်တီးဝိုင်းတပ်ဖွဲ့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတော်သီချင်းတို့ကို တီးမှုတ်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ နှစ်ဦးသည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးပြီး ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတနှင့် နိုင်ငံတော်သမ္မတတို့သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် နှစ်နိုင်ငံမှ အဆင့်မြင့်အရာရှိကြီးများကို အပြန်အလှန်မိတ်ဆက်ပေးကြကာ ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကို ခံယူသည်။ ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတတို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတတို့သည်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒားလူကာရှန်ကိုတို့ သီးသန့်တွေ့ဆုံဆွေးနွေးစဉ်။

သီးသန့်တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံရာတွင် ဦးစွာဘယ်လာရုစ်နိုင်ငံသမ္မတက လေးစားရပါသော အဆွေတော်သမ္မတကြီးနှင့် ယခုကဲ့သို့တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ယမန်နေ့ကလည်း မိမိနှင့်အဆွေတော်တို့ ရင်းရင်းနှီးနှီးတွေ့ဆုံပြီး နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပွင့်လင်းစွာဖြင့် လေးလေးနက်နက်ဆွေးနွေးဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ယခုအခါတွင်လည်း တရားဝင်ထပ်မံတွေ့ဆုံဆွေးနွေးခြင်းဖြစ်ပါကြောင်း၊ ဘယ်လာရုစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းရပ်များကို အထူးအလေးပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် လက်ရှိမြေပြင်တွင် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ပံ့ပိုးကူညီမှုများ ပိုမိုဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ယမန်နေ့က တွေ့ဆုံဆွေးနွေးမှုများကို ဆက်လက်ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် မြန်မာနိုင်ငံသည် နယ်နိမိတ်ကျယ်ဝန်းသကဲ့သို့ လူဦးရေများပြားပြီး သယံဇာတများပေါကြွယ်ဝသည်ဟု သိရှိရပါကြောင်း၊ မြန်မာနိုင်ငံ၏လူဦးရေမှာ ၅၅ သန်းခန့်ရှိသည်ဟုသိရှိရပြီး မိမိတို့နိုင်ငံလူဦးရေ၏ ငါးဆခန့်ရှိပါကြောင်း၊ မိမိတို့ဘယ်လာရုစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံရှိ ပြည်သူများ လူမှုစီးပွားဘဝအတွက် လိုအပ်ချက်များရှိပါက ဘယ်လာရုစ်နိုင်ငံအနေဖြင့် တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် နှစ်နှစ်တာကာလအတွင်း ဘယ်လာရုစ်နိုင်ငံမှ တာဝန်ရှိသူများ မြန်မာနိုင်ငံကို ရောက်ရှိလေ့လာခဲ့ပြီး ရင်းနှီးကျွမ်းဝင်မှုလည်းရှိခဲ့ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအတွက် လိုအပ်ချက်များနှင့် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးနိုင်ပါကြောင်း၊ အဓိကအားဖြင့် ဘယ်လာရုစ်နိုင်ငံ၏ စက်မှုစိုက်ပျိုးမွေးမြူရေးနည်းပညာနှင့် အတွေ့အကြုံ များကို မြန်မာနိုင်ငံအတွက် မျှဝေပေးသွားမည်ဖြစ်ပါကြောင်း။

ဘယ်လာရုစ်နိုင်ငံမှ တာဝန်ရှိသူများအနေဖြင့်လည်း မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများအတွက် လိုအပ်သည်များကို ကူညီဆောင်ရွက်ရန် အဆင်သင့်ရှိကြောင်းနှင့် ဘယ်လာရုစ်နိုင်ငံမှ ပြည်သူများအနေဖြင့်လည်း မြန်မာနိုင်ငံနှင့်ပတ်သက်၍ စိတ်ရောကိုယ်ပါကူညီဆောင်ရွက်ပေးလိုသည့် စိတ်ရှိသည်ကိုပြောကြားလိုပါကြောင်း၊ အဆွေတော်သမ္မတကြီးအနေဖြင့် ပြီးခဲ့သည့်နှစ်များအတွင်း မြန်မာနိုင်ငံနှင့်ပတ်သက်ပြီး ကြိုးပမ်းဆောင်ရွက်ခဲ့မှုများအပေါ် မိမိအနေနှင့် အသိအမှတ်ပြုပါကြောင်း၊ အဓိကအားဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေတည်ငြိမ်ရေး အဆွေတော်ဦးဆောင်သည့်အဖွဲ့က ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုအခါတွင်လည်း ရွေးကောက်ပွဲကိုအောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ပြည်သူများက ထောက်ခံ





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာအလက်ဇန္ဒားလူကာရှန်ကိုတို့၏ ရှေ့မှောက်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့မှ သက်ဆိုင်ရာတာဝန်ရှိသူများက နှစ်နိုင်ငံအစိုးရနှစ်ရပ်ကြား သဘောတူညီချက်များနှင့် နားလည်မှုစာချွန်လွှာများ လဲလှယ်ကြစဉ်။

**ကျောဖုံးမှအဆက်**

တက်ရောက်ကြပြီး ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတနှင့်အတူ ဘယ်လာရုစ်အစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ဘယ်လာရုစ် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လမ်းပြမြေပုံ (၂၀၂၆-၂၀၂၈)ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့်အခြေအနေများ၊ ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ အာကာသနည်းပညာကဏ္ဍ၊ ပညာရေးနှင့် လူငယ်ကဏ္ဍ၊ဘဏ္ဍာရေးကဏ္ဍ၊ကျန်းမာရေးကဏ္ဍ၊ သိပ္ပံနှင့် နည်းပညာကဏ္ဍ၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက်နှစ်နိုင်ငံအစိုးရနှစ်ရပ်အကြား သဘောတူညီချက်များနှင့် နားလည်မှုစာချွန်လွှာများ လဲလှယ်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ နှစ်နိုင်ငံအကြား တရားမနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ဥပဒေရေးရာ အပြန်အလှန်အကူအညီပေးရေးသဘောတူစာချုပ်၊ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် ဥပဒေပိုင်းဆိုင်ရာ အပြန်အလှန်အကူအညီပေးရေးသဘောတူညီချက်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်တို့အကြား ပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာ၊ မြန်မာအာကာသအေဂျင်စီအတွက် ကမ္ဘာမြေကို အဝေးမှ အာရုံခံစောင့်ကြည့်နိုင်သော အာကာသယာဉ်ငယ်တစ်စင်းတည်ဆောက်ရေးဆိုင်ရာ ရည်ရွယ်သည့်မှတ်တမ်းလွှာ၊မြန်မာအာကာသအေဂျင်စီနှင့် Belarusian State University တို့အကြား သိပ္ပံနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စာချွန်လွှာ၊ မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့နှင့် The Belarusian Institute of Strategic Research(BISR)တို့အကြား ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနနှင့် JSC "Development Bank of the Republic of Belarus" တို့ကြား ချေးငွေဆိုင်ရာမူဘောင်သဘောတူစာချုပ်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)နှင့် ဘယ်လာရုစ်နိုင်ငံ နိုင်ငံပိုင်ရုပ်မြင်သံကြားနှင့် အသံလွှင့်ကုမ္ပဏီတို့ကြား ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်စသည့် နားလည်မှုစာချွန်လွှာနှင့် သဘောတူညီချက်ကိုးခုတို့ကို ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများက ဘယ်လာရုစ်သမ္မတနိုင်ငံဘက်မှ သက်ဆိုင်ရာဝန်ကြီးများ၊

# မြန်မာနိုင်ငံရှိ ပြည်သူများ လူမှုစီးပွားဘဝအတွက် လိုအပ်ချက်များရှိပါက ဘယ်လာရုစ်နိုင်ငံအနေဖြင့် တတ်နိုင်သမျှကူညီဆောင်ရွက်ပေးသွားမည်၊ အဓိကအားဖြင့် ဘယ်လာရုစ်နိုင်ငံ၏ စက်မှုစိုက်ပျိုးမွေးမြူရေးနည်းပညာနှင့် အတွေ့အကြုံများကို မြန်မာနိုင်ငံအတွက် မျှဝေပေးသွားမည် . . .

**ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို**

ရွေးချယ်ခဲ့သည့် အစိုးရအဖွဲ့က နိုင်ငံတော်တာဝန်များကိုထမ်းဆောင်နေပြီဖြစ်ကြောင်း၊ ထို့ကြောင့်အဆွေတော်သမ္မတကြီးအနေဖြင့် ပြည်သူများလိုအပ်သည်များကို ဆောင်ရွက်ပေးသည့်အခါ၌ လိုအပ်ချက်များရှိပါက မိမိတို့ ဘယ်လာရုစ်နိုင်ငံအနေဖြင့် ကူညီပေးရန် အသင့်ရှိပါကြောင်း၊ မိမိတို့တွေ့ဆုံဆွေးနွေးခဲ့သည့်အချိန်၌ ဆွေးနွေးချက်များကို မိမိတို့အနေဖြင့် မလွဲမသွေဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ဆွေးနွေးပြောကြားရာတွင် အဆွေတော်သမ္မတကြီးအနေဖြင့် ယခုကဲ့သို့ မိမိကို နွေးထွေးစွာဖြင့်ကြိုဆိုပြီး လက်ခံတွေ့ဆုံသည့်အတွက် များစွာဝမ်းမြောက်ပါကြောင်း၊ မိမိအနေဖြင့် ဘယ်လာရုစ်နိုင်ငံသို့ စတုတ္ထအကြိမ်မြောက် လာရောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုလာရောက်သည့်အချိန်တွင် မိမိတို့အစိုးရအဖွဲ့မှ ပြည်ထောင်စုအဆင့်တာဝန်ရှိသူများ ပါရှိသကဲ့သို့ စီးပွားရေးလုပ်ငန်းရှင်များလည်းပါဝင်ကြောင်း၊ နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများ အပါအဝင် ကဏ္ဍစုံမှပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအရှိန်မြှင့်တင်ဆောင်ရွက်နိုင်ရန် လာရောက်ခဲ့ခြင်းပင်ဖြစ်ပါကြောင်း၊ အဆွေတော်သမ္မတကြီးက မြန်မာနိုင်ငံနှင့် ပတ်သက်ပြီး ဘယ်လာရုစ်နိုင်ငံအနေဖြင့် စီးပွားရေး၊ နည်းပညာနှင့် အခြားနယ်ပယ်များအားလုံးတွင် ကန့်သတ်ချက်မထားရှိပါဟု ယခင်ကပြောကြားထားဖူးကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘယ်လာရုစ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှု အခွင့်အလမ်းများ အပြည့်အဝရရှိမည်ဟု ယုံကြည်ပါကြောင်း၊ အဆွေတော်သမ္မတကြီးအနေဖြင့် မိမိတို့နိုင်ငံ၏ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး အသိအမှတ်ပြု ချီးကျူးပြောကြားပေးသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ မိမိတို့ရွေးကောက်ခံအစိုးရအနေဖြင့်သာမက၊ မိမိ၏ပုဂ္ဂိုလ်ရေးအရပါ မိမိတို့နိုင်ငံကို ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် တည်တည်ငြိမ်ငြိမ်ဖြင့် တိုးတက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ကိုပြောကြားလိုပါကြောင်း၊ မိမိတို့အနေဖြင့် ၂၀၂၇ ခုနှစ် နှစ်ဆန်းပိုင်းတွင် ကြားဖြတ်ရွေးကောက်ပွဲကို ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ထိုအချိန်တွင် နိုင်ငံတကာမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ ဖိတ်ခေါ်သွားမည်ဖြစ်သကဲ့သို့ အဆွေတော်တို့နိုင်ငံမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များကိုလည်း ဖိတ်ခေါ်လိုပါကြောင်း ပြောကြားသည်။

ထို့နောက် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံမှုမြှင့်တင်ခြင်းအဖြစ် မြန်မာကောင်စစ်ဝန်ချုပ်ရုံးကို သံရုံးအဖြစ်သို့ အဆင့်မြှင့်တင်ဖွင့်လှစ်နိုင်မှု၊ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေ၊ ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍ၊ အာကာသနည်းပညာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်ပြောင်းလဲမှု အခြေအနေများနှင့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်လျက်ရှိမှု၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အလားတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒားလူကာရှန်ကိုတို့သည် ဩဂုတ် ၂၀ ရက် ညနေပိုင်းကလည်း ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတအိမ်တော်၌ အလွတ်သဘော ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဖြင့် ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုတို့ ဩဂုတ် ၂၀ ရက်က ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတအိမ်တော်၌ အလွတ်သဘော ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။

PPIB News

တာဝန်ရှိသူများနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတတို့ရှေ့မှောက်၌ လဲလှယ်ခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတတို့သည် မီဒီယာများအား နှစ်နိုင်ငံပူးတွဲကြေညာချက်များကို အပြန်အလှန်ပြောကြားကြပြီး အဆိုပါပြောကြားချက်များကို စာမျက်နှာ (၁၈)တွင် သီးခြားဖော်ပြထားပါသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များကို ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတက အလုပ်သဘော နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ နေ့လယ်စာ သုံးဆောင်နေစဉ်အတွင်း ဘယ်လာရုစ်နိုင်ငံ သံစုံတီးဝိုင်းက နှစ်နိုင်ငံ တေးသံသာများဖြင့် တီးမှုတ်ဖျော်ဖြေခဲ့ကြသည်။

အခမ်းအနားများအပြီးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတက မော်တော်ယာဉ်အနီးသို့ ရင်းရင်းနှီးနှီး လိုက်လံပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PPIB News

# ထိုင်းနိုင်ငံရှိ အထောက်အထားမပြည့်စုံသည့် မြန်မာနိုင်ငံသားအလုပ်သမား ၄၂၉၁၉၂ ဦးကို မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်(CI)ထုတ်ပေးရေး ဆောင်ရွက်နိုင်ခဲ့

**နေပြည်တော် ဩဂုတ် ၂၁**

ထိုင်းနိုင်ငံရှိ အထောက်အထားမပြည့်စုံသည့် မြန်မာနိုင်ငံသားအလုပ်သမားများကို CI အသစ်ထုတ်ပေးနိုင်ရေးအတွက် စမုစခွန်၊ စမုပရာကန်၊ ဆူရတ်ဌာနီ၊ ချင်းမိုင်တို့တွင် CI စခန်း လေးခုနှင့် ကရာဘီ Mobile Unit တစ်ခုကို ဖေဖော်ဝါရီ ၁၇ ရက်မှ ဩဂုတ် ၁၆ ရက်ထိ ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ရာ အလုပ်သမား ၄၂၉၁၉၂ ဦးကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့် ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်းအလုပ်သမားများကို မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်(Certificate of Identity–CI) ထုတ်ပေးရေးလုပ်ငန်းစဉ်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းများတွေ့ဆုံပွဲမှ သိရသည်။

အဆိုပါတွေ့ဆုံပွဲကို ယနေ့ညနေပိုင်းက နေပြည်တော်ရှိ လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအနေဖြင့် လုပ်ငန်းများလွှဲပြောင်းလက်ခံခြင်း၊ စာရင်းဇယားများရှင်းလင်းခြင်းတို့ကို စနစ်တကျဆောင်ရွက်ရန်၊ ဌာနအလိုက်တာဝန်ခံများအနေဖြင့် လုပ်ငန်းတာဝန်ဆောင်ရွက်ရာတွင် တွေ့ကြုံခဲ့ရသည့်အခက်အခဲများ၊ ဆောင်ရွက်ချက်များနှင့် ကဏ္ဍအလိုက်အကြံပြုချက်များကို ပြည့်ပြည့်စုံစုံတင်ပြရန်မှာကြားပြီး ဒုတိယဝန်ကြီး ဦးမောင်မောင်သန်းက လုပ်ငန်းဆောင်ရွက်ခဲ့မှုများကို ဖြည့်စွက်ဆွေးနွေးပြောကြားသည်။



အလားတူ ယနေ့နံနက်ပိုင်းက လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)၌ အလုပ်သမားဝန်ကြီးဌာနဝန်ကြီးရုံး ဦးစီးဌာနများမှ ဒုတိယညွှန်ကြားရေးမှူးနှင့်အထက် အရာထမ်းများနှင့်တွေ့ဆုံပွဲသို့ တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းခွင်အေးချမ်းသာယာမှုရှိစေရေး၊ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်မှုဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် မျှော်မှန်းချက်၊ ရည်မှန်းချက်များထားရှိ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းခွင်အေးချမ်းသာယာပြီး ကုန်ထုတ်စွမ်းအားတိုးတက်ရေးအလုပ်သမားများ၏ ဥပဒေပါရပိုင်ခွင့်များ ခံစားရရှိရေး အလေးထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့အတူ ဒုတိယဝန်ကြီးက လုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းတို့ဖြစ်ပေါ်နိုင်

**နေပြည်တော် ဩဂုတ် ၂၁**

မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုထားသည်။ **(မိုး/ဇလ)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုတို့ မီဒီယာများနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံပူးတွဲကြေညာချက်များနှင့် အပြန်အလှန် ပြောကြားချက်များ

(၂၀၂၆ ခုနှစ် ဩဂုတ်လ ၂၁ ရက်၊ မင့်စ်မြို့)

လေးစားအပ်ပါသော အဆွေတော် သမ္မတကြီး ဦးမင်းအောင်လှိုင်နဲ့တကွ အခမ်းအနားကို တက်ရောက်လာကြသူများအားလုံးကို မင်္ဂလာပါလို့ နှုတ်ဆက်ချင်ပါတယ်။ ကျွန်တော်တို့ ဒီနေ့တွေ့ဆုံမှုမှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင်နဲ့အတူ ဆွေးနွေးမှုများကို အောင်မြင်စွာ ဆွေးနွေးနိုင်ခဲ့တယ်ဆိုတာ ကျွန်တော့်အနေနဲ့ ပြောကြားလိုပါတယ်။

အဓိကဆွေးနွေးခဲ့တဲ့ အကြောင်းအရာတွေကတော့ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းတွေကို တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ဖို့အတွက် ကျွန်တော်တို့ ဆွေးနွေးခဲ့တာ ဖြစ်ပါတယ်။ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းတွေနဲ့ ပတ်သက်လို့ စီးပွားရေးဆိုင်ရာကဏ္ဍများ၊ စိုက်ပျိုးရေးဆိုင်ရာကဏ္ဍများ၊ အခြားသော ကဏ္ဍပေါင်းစုံ အခန်းကဏ္ဍများကို တက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားမယ်လို့ ဆွေးနွေးခဲ့တာဖြစ်ပါတယ်။

ကျွန်တော်တို့ ဒီနေ့ဆွေးနွေးခဲ့တာတွေနဲ့ ပတ်သက်ပြီးတော့ ဆက်လက်ဆောင်ရွက်ရမယ့် လုပ်ငန်းတွေ အများကြီးရှိပါတယ်။ ဒီလုပ်ငန်းတွေကို အကောင်အထည် ဖော်ဖို့အတွက်လည်း ဘယ်လာရုစ်ဘက်က အဆင်သင့်ရှိကြောင်းလည်း ပြောလိုပါတယ်။ လက်ရှိတိုးတက်နေတဲ့ ခေတ်ကြီးမှာ ကျွန်တော်တို့ ဘယ်လာရုစ်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းတွေကို အထောက်အကူပြုသွားမယ်လို့လည်း ပြောလိုပါတယ်။ လက်ရှိ ၂၁ ရာစုမှာ နိုင်ငံရေးသဘောတရားတွေ အများကြီးပြောင်းလဲနေပေမဲ့လည်း ကျွန်တော်တို့ နှစ်နိုင်ငံကြားမှာရှိတဲ့ ယုံကြည်မှု၊ ခင်မင်ရင်းနှီးမှုကြောင့် နိုင်ငံရေးအရရော၊ စီးပွားရေးအရရော ကဏ္ဍပေါင်းစုံမှာ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်နေတာ ဖြစ်ပါတယ်။

ဒီဆွေးနွေးမှုတွေနဲ့ ပတ်သက်လို့ နှစ်စဉ်နှစ်တိုင်း ဆွေးနွေးမှုတွေ ရှိခဲ့ပါတယ်။ အပြန်အလှန် ခရီးစဉ်တွေလည်း သွားရောက်ခဲ့တာဖြစ်ပါတယ်။ အခုနှစ်အတွက် ဆွေးနွေးမှုထဲမှာ အရေးအကြီးဆုံးအချက်ကတော့ နှစ်နိုင်ငံကြားမှာ သံတမန်ဆက်ဆံရေးကို အဆင့်မြှင့်တင်ဖို့အတွက် နှစ်နိုင်ငံကြားမှာ သံရုံးများကို အပြန်အလှန်ဖွင့်လှစ်သွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ ပူးပေါင်းဆောင်ရွက်ရေးကို လုပ်ဆောင်တဲ့အချိန်မှာ ၂၀၂၆-၂၀၂၈ Roadmap ကို အခြေခံပြီးတော့ ပူးပေါင်းဆောင်ရွက်သွားတာဖြစ်ပါတယ်။ ဒီလိုမျိုး ပူးပေါင်းဆောင်ရွက်မှုကို အကောင်အထည်ဖော်ဖို့အတွက် နှစ်နိုင်ငံအကြား စီးပွားရေးဆိုင်ရာ ပူးတွဲကော်မရှင်များနဲ့ အခြားပူးတွဲကော်မရှင်များကနေ အခြေခံပြီးတော့ အဓိကဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒီလိုမျိုး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုတွေကို တက်တက်ကြွကြွ ဆောင်ရွက်မှသာ မိမိတို့အနေနဲ့ ရှေ့ဆက်သွားမယ့် ဆက်ဆံရေးမှာလည်း အားလုံးအဆင်ပြေမယ်လို့လည်း ကျွန်တော်ပြောလိုပါတယ်။

ကျွန်တော်တို့အနေနဲ့ လက်ရှိအခြေအနေမှာ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ စိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနဲ့ သိပ္ပံနှင့်နည်းပညာအခန်းကဏ္ဍမှာ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို လက်တွေ့မြေပြင်မှာ အကောင်အထည်ဖော်နေပြီဖြစ်ပါတယ်။ လာမယ့်နှစ်မှာ ခုနကပြောသွားတဲ့ ဒီအချက်အလက်တွေအားလုံးကို ပိုမိုပြီးတော့ မြှင့်တင်ဆောင်ရွက်နိုင်မယ်လို့လည်း ယုံကြည်ပါတယ်။

ကျွန်တော်တို့ ဘယ်လာရုစ်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံမှာ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် မြန်မာနိုင်ငံက ကျောင်းသားတွေကို ဘယ်လာရုစ်နိုင်ငံမှာရှိတဲ့ တက္ကသိုလ်တွေမှာ သက်ဆိုင်ရာ ဘာသာရပ်များအလိုက် သင်ကြားသွားမှာဖြစ်ပါတယ်။ ပြီးတော့ မြန်မာနိုင်ငံနဲ့ ကျွန်တော်တို့ ဘယ်လာရုစ်နိုင်ငံကြားမှာ နှစ်နိုင်ငံပါလီမန် အချင်းချင်း ဆက်ဆံမှု၊ နှစ်နိုင်ငံ နိုင်ငံရေးပါတီများအကြား ဆက်ဆံမှုကိုလည်း ဆက်လက်တိုးမြှင့်သွားမယ်လို့ ပြောလိုပါတယ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုတို့ မီဒီယာများနှင့် တွေ့ဆုံစဉ်။

ကျွန်တော်တို့အနေနဲ့ အခုနှစ် ဇူလိုင်လ ၈ ရက်နေ့မှာ နှစ်နိုင်ငံအပြန်အလှန် ဗီဇာကင်းလွတ်ခွင့်ကို ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ပြီးတဲ့နောက်ပိုင်းမှာ နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်းတွေတင်မကဘဲ တခြားသောကဏ္ဍများ တိုးတက်ဖွံ့ဖြိုးဖို့ ရည်ရွယ်ပြီးတော့ ဒီကိစ္စကို ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဒီလိုမျိုး ဆောင်ရွက်ခြင်းအားဖြင့် နှစ်နိုင်ငံအကြား တစ်ဦးနဲ့တစ်ဦး ဆက်သွယ်မှုတွေ ပိုမိုများပြားလာမယ်၊ ဆက်သွယ်မှုများပြားလာတဲ့နောက်ပိုင်းမှာ ဆက်ဆံရေးတွေကိုလည်း ပိုမိုကောင်းမွန်အောင် တည်ဆောက်နိုင်မှာဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ဒီနေ့သတင်းစာရှင်းလင်းပွဲမှာ ကျွန်တော့်ရဲ့ လုပ်ဖော်ကိုင်ဖက်ဖြစ်တဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ကို ကျေးဇူးတင်ရှိကြောင်းလည်း ပြောလိုပါတယ်။ အဓိကကတော့ သူ့အနေနဲ့ ကျွန်တော်တို့ နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်ဆံရေးတွေကို တည်ဆောက်တဲ့အခါမှာ ပုဂ္ဂိုလ်ရေးအရ အားတက်သရော ဆောင်ရွက်ခဲ့သလို မပြောင်းလဲတဲ့သဘောတရားနဲ့ အခုချိန်ထိ ကျွန်တော်တို့အပေါ်မှာ ဆက်ဆံပေးနေတဲ့အတွက်လည်း ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။

အဆွေတော် သမ္မတကြီးခင်ဗျာ ကျွန်တော့်အနေနဲ့ ဒီနေ့ထပ်ပြီးတော့ သတင်းစာရှင်းလင်းပွဲမှာ အာမခံနိုင်တာကတော့ အဆွေတော် သမ္မတကြီးနဲ့ ကျွန်တော်နဲ့ ဒီနေ့ဆွေးနွေးခဲ့တဲ့ အချက်အလက်တွေ၊ အခုလာရောက်တဲ့ ခရီးစဉ်မှာဆွေးနွေးခဲ့တဲ့ သဘောတူညီချက်တွေအားလုံးကို ကျွန်တော်တို့ ဘယ်လာရုစ်ဘက်ကနေပြီးတော့ ဗျူရိုကရက်တစ်ယန္တရားကို ကျော်လွှန်ပြီးတော့ အမြန်ဆုံး အကောင်အထည်ဖော်နိုင်အောင် ဆောင်ရွက်မယ်လို့ အာမခံပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။ အဆွေတော် သမ္မတကြီးအနေနဲ့ ပြောကြားပေးပါခင်ဗျာ။

**အဆွေတော် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုနဲ့ နှစ်ဖက်ကိုယ်စားလှယ်များ၊ မီဒီယာအဖွဲ့ဝင်များအားလုံး မင်္ဂလာပါခင်ဗျာ**

ကျွန်တော့်အနေနဲ့ ဘယ်လာရုစ်သမ္မတကြီးရဲ့ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံကို တရားဝင်ချစ်ကြည်ရေးခရီးစဉ်အဖြစ် စတုတ္ထအကြိမ် လာရောက်ခြင်းဖြစ်ပါတယ်။

မြန်မာနိုင်ငံနဲ့ ဘယ်လာရုစ်နိုင်ငံတို့ဟာ ပထဝီအနေအထားအရ အလှမ်းကွာဝေးပေမယ့် သံတမန်ဆက်သွယ်ထားတဲ့ ဆယ်စုနှစ်(၃)ခု နီးပါးကာလမှာ အပြန်အလှန်လေးစားမှု၊ နားလည်ယုံကြည်မှုတို့အပေါ် အခြေခံထားတဲ့ဆက်ဆံရေးကို တည်ဆောက်နိုင်ခဲ့ပါတယ်။

ဒီလိုကောင်းမွန်တဲ့ဆက်ဆံရေးဟာ မကြာသေးမီနှစ်များမှာ အရှိန်အဟုန်နဲ့ ပိုမိုတိုးတက်လာခဲ့ပါတယ်။ နှစ်နိုင်ငံအကြီးအကဲတွေအကြား အပြန်အလှန်ခရီးစဉ်တွေရှိခဲ့ပြီး ခေါင်းဆောင်ပိုင်းသာမက အဆင့်အသီးသီးနဲ့ နယ်ပယ်အသီးသီးမှာပါ နီးကပ်တဲ့ဆက်ဆံမှုများနဲ့ ပူးပေါင်းဆောင်ရွက်မှုတို့ ပိုမိုနက်ရှိုင်းလာခဲ့တာကို တွေ့ရှိရပါတယ်။

ပြီးခဲ့တဲ့ ၂၀၂၅ ခုနှစ်ဟာ နှစ်နိုင်ငံဆက်ဆံရေးသမိုင်းကြောင်းမှာ အလွန်ထူးခြား လေးနက်တဲ့နှစ်တစ်နှစ်လို့ ပြောချင်ပါတယ်။

၂၀၂၅ ခုနှစ် မတ်လမှာ ကျွန်တော့်အနေနဲ့ ဘယ်လာရုစ်နိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ် လာရောက်ခဲ့ပြီး နိုဝင်ဘာလမှာ အဆွေတော်သမ္မတကြီးကလည်း မြန်မာနိုင်ငံကို တရားဝင်ချစ်ကြည်ရေးခရီးစဉ်အဖြစ် ပြန်လည်လာရောက်လည်ပတ်ခဲ့ပါတယ်။

ခရီးစဉ်များအတွင်းမှာ နှစ်နိုင်ငံအနာဂတ်ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေးအတွက် သဘောတူညီချက်များစွာကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။

ယခုခရီးစဉ်မှာလည်း နှစ်နိုင်ငံအကြား သဘောတူစာချုပ်နဲ့ နားလည်မှုစာချွန်လွှာ ၉ ခုကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

သမ္မတကြီးနဲ့ ယနေ့တွေ့ဆုံမှုမှာ ကျွန်တော်တို့ နှစ်နိုင်ငံအကြား လက်မှတ်ရေးထိုးထားတဲ့ သဘောတူညီချက်များကို အရှိန်အဟုန်နဲ့ ဆက်လက်အကောင်အထည်ဖော်နိုင်ရေးအတွက် တွန်းအားပေး ဆောင်ရွက်သွားပါမယ်။

ဒါ့အပြင် မြန်မာနိုင်ငံနဲ့ ဘယ်လာရုစ်နိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးက အရှိန်အဟုန်ကို ထိန်းသိမ်းထားပြီး ကဏ္ဍစုံမှာ ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်တွေ ပိုမိုချဲ့ထွင်နိုင်မယ့်အလားအလာများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်နိုင်ခဲ့ကြပါတယ်။

ယခုဆိုရင် မြန်မာနိုင်ငံမှာ ဥပဒေပြုလွှတ်တော်တွေလည်း ပေါ်ပေါက်လာပြီဖြစ်တဲ့အတွက် ကျွန်တော်တို့ နှစ်နိုင်ငံအစိုးရအကြားမှာသာမက လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုတွေ မြှင့်တင်နိုင်ဖို့ကိုလည်း ဆွေးနွေးခဲ့ကြပါတယ်။

အလားတူ ကာကွယ်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေး၊ သိပ္ပံနှင့်နည်းပညာ၊ ကျန်းမာရေး၊ ပညာရေး၊ စက်မှု၊ အာကာသအပါအဝင် နှစ်ဖက်အကျိုးဖြစ်ထွန်းစေမယ့် ကဏ္ဍစုံမှာ ပူးပေါင်းဆောင်ရွက်မှုတွေ တိုးမြှင့်ဆောင်ရွက်ဖို့ ဆွေးနွေးနိုင်ခဲ့ကြပါတယ်။

နှစ်နိုင်ငံအကြား ပြည်ဝင်ဗီဇာ ကင်းလွတ်ခွင့်ပေးရေးဆိုင်ရာ သဘောတူစာချုပ်ဟာလည်း ဇူလိုင်လအတွင်းက အသက်ဝင်ခဲ့ပြီဖြစ်တဲ့အတွက် ခရီးသွားကဏ္ဍမှာ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မယ့် အလားအလာများနဲ့ နှစ်နိုင်ငံပြည်သူတွေအကြား ကူးလူးဆက်ဆံမှု မြှင့်တင်နိုင်မယ့် အလားအလာများကို ဆွေးနွေးနိုင်ခဲ့ကြပါတယ်။

ဒါ့အပြင် ကျွန်တော်တို့ သမ္မတနှစ်ဦးဟာ ဒေသတွင်းနဲ့ မျက်မှောက်ခေတ် နိုင်ငံတကာရေးရာကိစ္စရပ်များအပေါ်လည်းဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့ကြပြီး နိုင်ငံတကာမျက်နှာစာတွင် အပြန်အလှန်ထောက်ခံ အမှီသဟဲပြု ဆက်လက်ရပ်တည်သွားရေးကို ဆွေးနွေးခဲ့ကြပါတယ်။

ယခု ခရီးစဉ်အတွင်းမှာ ထူးခြားချက်တစ်ရပ်ကတော့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးကို မြန်မာသံရုံးအဖြစ် တရားဝင်အဆင့်မြှင့်တင်နိုင်ခဲ့ပြီး ဒီနေ့မှာ ဖွင့်လှစ်ပွဲအခမ်းအနားကို ကျင်းပပြုလုပ်သွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာလည်း မကြာခင်မှာ ဘယ်လာရုစ်သံရုံးကို လာရောက်ဖွင့်လှစ်မှာဖြစ်တဲ့အတွက် ကြိုဆိုလျက်ရှိကြောင်း ပြောကြားလိုပါတယ်။

မြန်မာနိုင်ငံဟာ အရှေ့အာရှ၊ တောင်အာရှနဲ့ အရှေ့တောင်အာရှကို ချိတ်ဆက်ထားတဲ့ ကုန်းမြေနယ်မြေ ပေါင်းကူးတံတားတစ်ခုသဖွယ်ဖြစ်ပြီး ပစိဖိတ်သမုဒ္ဒရာနဲ့ အိန္ဒိယသမုဒ္ဒရာနှစ်ခုတို့ကို ဆက်စပ်ပေးထားတဲ့အတွက် ပင်လယ်ရေကြောင်း ပို့ဆောင်ရေးမှာ အချက်အချာကျတဲ့နေရာမှာ တည်ရှိနေပါတယ်။ စိုက်ပျိုးမြေဧက ၃၃ သန်းကျော်ရှိပြီး လုပ်သားအင်အားနဲ့ ၁၂ လရာသီပတ်လုံး စိုက်ပျိုး မွေးမြူရေးလုပ်လို့ရတဲ့ ကောင်းမွန်တဲ့ ရာသီဥတုရှိပါတယ်။

ဒီလိုရင်းနှီးမြှုပ်နှံဖို့ အခွင့်အလမ်းကောင်းတွေရှိတဲ့ မြန်မာနိုင်ငံမှာ ဘယ်လာရုစ်နိုင်ငံမှ နယ်ပယ်ကဏ္ဍစုံက စီးပွားရေးလုပ်ငန်းရှင်တွေ၊ အထူးသဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ စက်မှုစတဲ့ကဏ္ဍတွေမှာ လာရောက်ရင်းနှီးမြှုပ်နှံဖို့ ထပ်မံဖိတ်ခေါ်ခဲ့ပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံမှာရှိတဲ့ အထူးစီးပွားရေးဇုန်တွေအနက် စီးပွားရေးအချက်အချာကျတဲ့ ရန်ကုန်မြို့က သီလဝါအထူးစီးပွားရေးဇုန်မှာ ဘယ်လာရုစ်နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံဖို့ကိုလည်း ဖိတ်ခေါ်ခဲ့ပါတယ်။

သမ္မတကြီးနဲ့ နှစ်ဖက်ကိုယ်စားလှယ်များ၊ မီဒီယာအဖွဲ့ဝင်များခင်ဗျာ - ကျွန်တော်တို့အနေနဲ့ မိတ်ဆွေရင်း၊ မိတ်ဆွေကောင်းဖြစ်တဲ့ ဘယ်လာရုစ်နိုင်ငံနဲ့ ချစ်ကြည်ရင်းနှီးတဲ့ ဆက်ဆံရေးနဲ့ တိုးတက်ဖြစ်ထွန်းနေတဲ့ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုတွေကို အနာဂတ်ကာလမှာ ဆက်လက်ထိန်းသိမ်း တိုးမြှင့်နိုင်ဖို့ သမ္မတကြီး လူကာရှန်ကို၊ ဘယ်လာရုစ်အစိုးရ၊ ပြည်သူတွေနဲ့ အတူတကွလက်တွဲ ဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

ကျေးဇူးတင်ပါတယ်ခင်ဗျာ။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌနှင့် အထက်လွှတ်တော်ဥက္ကဋ္ဌတို့ကို ပူးတွဲတွေ့ဆုံဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၁**

ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့သို့ တရားဝင်ခရီးစဉ် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် ဘယ်လာရုစ်သမ္မတနိုင်ငံအောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Igor Petrovich Sergeenko နှင့် အထက်လွှတ်တော်ဥက္ကဋ္ဌ H. E. Ms. Natalya Kochanova တို့ကို မင့်စ်မြို့ရှိ အမျိုးသားလွှတ်တော်၌ ပူးတွဲတွေ့ဆုံဆွေးနွေးသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် တွေ့ဆုံပွဲကျင်းပမည့် ဘယ်လာရုစ်နိုင်ငံ အမျိုးသားလွှတ်တော်အဆောက်အအုံသို့ရောက်ရှိရာ ဘယ်လာရုစ်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌနှင့် အထက်လွှတ်တော်ဥက္ကဋ္ဌတို့က ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ကြပြီး နိုင်ငံတော်သမ္မတနှင့်လွှတ်တော်ဥက္ကဋ္ဌနှစ်ဦးတို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ မြန်မာနိုင်ငံသည် ဘယ်လာရုစ်နိုင်ငံ၏ အရှေ့တောင်အာရှတွင် ယုံကြည်စိတ်ချရသည့် မိတ်ဆွေနိုင်ငံတစ်ခုဖြစ်မှုနှင့်နိုင်ငံ့ခေါင်းဆောင်အချင်းချင်းချစ်ကြည်ရင်းနှီးပြီး အပြန်အလှန်ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာကောင်းမွန်လျက်ရှိမှု၊မြန်မာ-ဘယ်လာရုစ်နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာလမ်းပြမြေပုံ (၂၀၂၆-၂၀၂၈)ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ယခုခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာစာချုပ်များနှင့် နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးနိုင်ခဲ့မှု၊ နှစ်နိုင်ငံပြည်သူများ၏ အကျိုးအတွက် နှစ်နိုင်ငံနှင့် လွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံအနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် အပြန်အလှန်ကူညီထောက်ခံဆောင်ရွက်ပေးလျက်ရှိမှု၊ ဘယ်လာရုစ်နိုင်ငံတွင် ရွေးကောက်ပွဲကျင်းပစဉ်က မြန်မာနိုင်ငံမှ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များ လာရောက်လေ့လာခဲ့သကဲ့သို့ မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲကျင်းပချိန်ကလည်း ဘယ်လာရုစ်နိုင်ငံမှ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များ စေလွှတ်လေ့လာခဲ့မှုနှင့် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ခဲ့မှုအပေါ် ဘယ်လာရုစ်လွှတ်တော်အနေဖြင့် ဝမ်းမြောက်ဂုဏ်ယူမှု၊ နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော်နှစ်ရပ်အကြား ချစ်ကြည်ရေးအဖွဲ့ကို ဖွဲ့စည်းထားရှိမှု၊လွှတ်တော်နှစ်ရပ်အကြား



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Igor Petrovich Sergeenko နှင့် အထက်လွှတ်တော်ဥက္ကဋ္ဌ H.E. Ms. Natalya Kochanova တို့ကို ပူးတွဲတွေ့ဆုံဆွေးနွေးစဉ်။

အပြန်အလှန် လေ့လာရေးခရီးစဉ်များ ဆောင်ရွက်သွားမည့် အခြေအနေများ၊ ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များတွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံအကြား အဖွဲ့အစည်းများ၊ လူငယ်လူရွယ်နှင့် အမျိုးသမီးရေးရာ အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုများဆက်လက်မြှင့်တင် ဆောင်ရွက်သွားမည့် အခြေအနေနှင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရေးနှင့်ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတကို ဘယ်လာရုစ်နိုင်ငံလွှတ်တော်ဥက္ကဋ္ဌများက ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပို့ဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

PPIB News

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့ရှိ မြန်မာသံရုံးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maxim Ryzhenkov တို့ မြန်မာသံရုံးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

**နေပြည်တော် ဩဂုတ် ၂၁**

ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့၌ တရားဝင်ခရီးစဉ်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့ဒေသစံတော်ချိန် ညနေ ၄ နာရီ ၄၅ မိနစ်တွင် မင့်စ်မြို့ရှိ သံတမန်ခန်းမ၌ ကျင်းပသည့် ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးသည်။

အဆိုပါ သံရုံးဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသည့် ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များ၊ ဘယ်လာရုစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Maxim Ryzhenkov နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဘယ်လာရုစ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမောင်မောင်စိုးနှင့် သံရုံးဝန်ထမ်းများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံတော်သီချင်းတို့ကို ဖွင့်လှစ်ပြီး အလေးပြုကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Maxim Ryzhenkov တို့က မြန်မာသံရုံးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများက ဂုဏ်ပြုနှုတ်ခွန်းဆက်စကားများပြောကြားကြသည်။ ဆက်လက်၍ နိုင်ငံတော်သမ္မတထံ ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးက သံရုံးဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်ပစ္စည်းကို ဂါရဝပြုပေးအပ်ပြီး သံအမတ်ကြီးက ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးအား သံရုံးဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်အား ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဘယ်လာရုစ်နိုင်ငံ သံတမန်ခန်းမ ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးပြီး ဘယ်လာရုစ်နိုင်ငံ အစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦးက နိုင်ငံတော်သမ္မတထံ နိုင်ငံတော်သမ္မတ၏ပုံတူပန်းချီကားကို လက်ဆောင်အဖြစ် ဂါရဝပြုပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မင့်စ်မြို့ရှိ သံတမန်ဇုန်မြေနေရာ၌ မြန်မာသံရုံးဆောက်လုပ်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PPIB News

# အမျိုးသားမြေအသုံးချမှုကောင်စီ ပထမအကြိမ် အစည်းအဝေးကျင်းပ ဒုတိယသမ္မတ ဦးညိုစောတက်ရောက်အမှာစကားပြောကြား



**နေပြည်တော် ဩဂုတ် ၂၁**

အမျိုးသား မြေအသုံးချမှုကောင်စီ ပထမအကြိမ်အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန ရုံးအမှတ်(၃၉) အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားမြေအသုံးချမှုကောင်စီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညိုစော တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အမျိုးသားမြေအသုံးချမှုကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conference စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတက မြေသယံဇာတကို စနစ်တကျ၊ မျှတစွာနှင့် ရေရှည်တည်တံ့စွာ စီမံခန့်ခွဲအသုံးချရန် အခြေအနေများ၊ ထိရောက်သောမြေစီမံခန့်ခွဲမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးကြီးပြီး ခေတ်နှင့်လျော်ညီကာ တည်ဆဲဥပဒေပြဋ္ဌာန်းချက်များအကြား ထိန်းညှိပေးနိုင်သည့်အမျိုးသားမြေဥပဒေတစ်ရပ် ရေးဆွဲအတည်ပြုရန် အခြေအနေများ၊ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၈ ရက်တွင် အတည်ပြုထုတ်ပြန်ခဲ့သော အမျိုးသားမြေအသုံးချမှုမူဝါဒကို ထိရောက်စွာ အကောင်အထည်ဖော်ရန်နှင့် ကဏ္ဍအလိုက် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ၏ကွဲလွဲမှုများကို ထိန်းညှိရန်အတွက် အမျိုးသားမြေဥပဒေကို Umbrella Law အဖြစ် ပြဋ္ဌာန်းရန်အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများ၊ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ် မြေအသုံးချမှုကော်မတီများ ပြန်လည်ဖွဲ့စည်းရေး၊ မြေအသုံးချမှုဆိုင်ရာ သတင်းအချက်အလက်များ၊ မြေပုံများ၊ မှတ်တမ်းများစုစည်းခြင်း၊ အမျိုးသားမြေအသုံးချမှု စီမံကိန်းနှင့် မြေအသုံးချမှုဇုန်များရေးဆွဲဆောင်ရွက်ရာတွင် အထောက်အကူပြုလုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းရန်ကိစ္စရပ်များ၊ စိုက်ပျိုးရေးဖွံ့ဖြိုးမှု၊ ထုတ်လုပ်မှုတိုးတက်ရေးနှင့် ဈေးကွက်ချိတ်ဆက်ရေးတို့ ပေါင်းစပ်ဆောင်ရွက်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ အသေးစိတ်ဆွေးနွေးမှာကြားပြီး လုပ်ငန်းတာဝန်များ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ရေတိုရေရှည်မဟာဗျူဟာများ၊ နည်းဗျူဟာများ၊ လုပ်ငန်းစဉ်များ ချမှတ်နိုင်ရန်၊ အမျိုးသားမြေဥပဒေရေးဆွဲထုတ်ပြန်နိုင်ရန်နှင့် ကောင်းမွန်သည့် မြေသယံဇာတအုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုစနစ်ဖြစ်ပေါ်လာနိုင်ရန်တို့အတွက် နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးကို ရှေးရှု၍ အကြံပြုဆွေးနွေးပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် အမျိုးသားမြေအသုံးချမှုကောင်စီအတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးက ကောင်စီ၏လုပ်ငန်းတာဝန်များနှင့် အမျိုးသားမြေအသုံးချမှုဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အမျိုးသားမြေအသုံးချမှုဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတက ပြန်လည်သုံးသပ်ဆွေးနွေး၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို အောင်မြင်စွာ ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်၊ လွှတ်တော်နှင့် ပြည်သူလူထုပူးပေါင်းကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်

**မော်လမြိုင် ဩဂုတ် ၂၁**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ အဖွဲ့ဝင် ဦးမောင်မောင်အုန်းသည် မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကို ယနေ့နံနက်ပိုင်းက မွန်ပြည်နယ်လွှတ်တော်ရုံး ဆွေးနွေးပွဲခန်းမ၌ တွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲများအပြီး ပေါ်ထွန်းလာသည့် လွှတ်တော်များ၏ လွှတ်တော်ကိုယ်စားလှယ်များသည် ဒီမိုကရေစီ၏ အဓိကအခြေခံဖြစ်သော လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ တံခါးပေါက်ကို ဖြတ်သန်း၍ လွှတ်တော်များအတွင်း ပြည်သူလူထုအကျိုး နိုင်ငံတော်အကျိုးသယ်ပိုးရန် ဝင်ရောက်လာသူများဖြစ်ကြောင်း၊ လွှတ်တော်ဆိုသည်မှာ အစိုးရ ပြည်သူကြား ပေါင်းကူးတံတားသဖွယ် ဆောင်ရွက်ရသည့် နေရာဖြစ်ခြင်းကြောင့် နိုင်ငံတော်၊ လွှတ်တော်နှင့် ပြည်သူလူထု ပူးပေါင်းကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်သွားကြစေလိုကြောင်း။

၂၀၂၆ ခုနှစ် ဇူလိုင် ၃၁ ရက်တွင် နိုင်ငံတော်သမ္မတကြီးက နိုင်ငံတော်အစိုးရ ရက် ၁၀၀ ပြည့် နိုင်ငံတော်အခြေပြမိန့်ခွန်း ပြောကြားခဲ့ပြီး နိုင်ငံတော်ငြိမ်းချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသဖြင့် လွှတ်တော်ကိုယ်စားလှယ်များကလည်း နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးကို အင်တိုက်အားတိုက် ဆောင်ရွက်ကြစေလိုကြောင်း၊ မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများ တင်သွင်းခြင်းဖြင့် လွှတ်တော်ကိုယ်စားလှယ်များက ဒေသခံမဲဆန္ဒရှင် ပြည်သူလူထု၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်၊ လက်ရှိအခြေအနေနှင့်ကိုက်ညီသော ဥပဒေများ ပြင်ဆင်ဖြည့်စွက်အသစ်ရေးဆွဲ ပြဋ္ဌာန်းခြင်းများကို ဆောင်ရွက်စေလိုကြောင်း။

ပြည်သူ့လွှတ်တော် တတိယအကြိမ် ပထမပုံမှန်အစည်းအဝေးကို ၂၀၂၆ ခုနှစ် မတ် ၁၆ ရက်မှစတင်၍ ၂၀၂၆ ခုနှစ် ဧပြီ ၈ ရက်ထိ ကျင်းပခဲ့ပြီး တတိယအကြိမ် ဒုတိယပုံမှန်အစည်းအဝေးကို ၂၀၂၆ ခုနှစ် ဇွန် ၂ ရက်မှစတင်၍ ၂၀၂၆ ခုနှစ် ဇူလိုင် ၃၀ ရက်ထိကျင်းပခဲ့ပါကြောင်း၊ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးထိ ကြယ်ပွင့်ပြမေးခွန်း ၂၈၆ ခု၊ ကြယ်ပွင့်မပြမေးခွန်း ၅၉၉ ခုနှင့် အဆိုသုံးခုတို့ကို တင်သွင်းမေးမြန်းနိုင်ခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် အမြဲတမ်းကော်မတီ လေးခု အပါအဝင် ကော်မတီ ၂၂ ခုရှိပြီး နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ခေါ်ယူတွေ့ဆုံဆက်သွယ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ပြီး ဒေသ၏အကျိုးကို ထိရောက်စွာ ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးဝန်ထမ်းများ၏ စွမ်းရည်မြှင့်တင်ရေးအတွက်လည်း ညှိနှိုင်းဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်ရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး လွှတ်တော်အစည်းအဝေးခန်းမကို ကြည့်ရှုကာ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးဝန်ထမ်းများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ မြဘုရားသို့သွားရောက်ဖူးမြော်ကြည်ညို၊ ထိုင်းဘုရင့်တပ်မတော်(လေ) အမျိုးသားလေကြောင်းထိန်းသိမ်းမှုပြတိုက်နှင့် ထိုင်းဘုရင့်တပ်မတော်ဖွံ့ဖြိုးရေးဌာနချုပ်သို့ သွားရောက်လေ့လာ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ဒွန်မောင်းခရိုင်ရှိ ထိုင်းဘုရင့်တပ်မတော်(လေ) အမျိုးသားလေကြောင်း ထိန်းသိမ်းမှုပြတိုက်တွင် ကြည့်ရှုလေ့လာစဉ်။

**နေပြည်တော် ဩဂုတ် ၂၁**

၉ ကြိမ်မြောက် ထိုင်း-မြန်မာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (9th Thailand– Myanmar High Level Committee Meeting) ကို တက်ရောက်ခဲ့သည့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ဦးဆောင်သည့် မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ထိုင်းဘုရင့်နန်းတော်ဝင်းအတွင်းရှိ မြဘုရား(Temple of Emerald Buddha)သို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ထိုင်းဘုရင့်နန်းတော်သို့ရောက်ရှိကြရာ ထိုင်းဘုရင့်နန်းတွင်းကိုယ်စားလှယ် အရာရှိကြီးများက လှိုက်လှဲနွေးထွေးစွာကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ထိုင်းဘုရင့်နန်းတော်ဝင်းအတွင်း လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက ဘုရင့်နန်းတော်ဆိုင်ရာများ၊ မြဘုရားဆိုင်ရာတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မြဘုရားကျောင်းဆောင်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်းမန်ဆက်ကပ်၍ ဖူးမြော်ကြည်ညိုသည်။ ထို့နောက်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မြဘုရားအတွက် ဘက်စုံအလှူတော်ငွေများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ဓမ္မလက်ဆောင် ပြန်လည်ပေးအပ်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် မြဘုရားကျောင်းဆောင်အား လက်ယာရစ်လှည့်လည်ပူဇော်ပြီး တာဝန်ရှိသူများက မြဘုရားနှင့် သာသနိကအဆောက်အအုံများ၏သမိုင်းကြောင်းများ ရှင်းလင်းတင်ပြမှုအပေါ် သိရှိလိုသည်များပြန်လည်မေးမြန်းဆွေးနွေးသည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ယနေ့ မွန်းလွဲပိုင်းတွင် ဒွန်မောင်းခရိုင်ရှိ ထိုင်းဘုရင့်တပ်မတော်(လေ) အမျိုးသားလေကြောင်းထိန်းသိမ်းမှုပြတိုက်သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ပြတိုက်သို့ရောက်ရှိကြရာ ပြတိုက်တာဝန်ခံနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ ထို့နောက် တာဝန်ရှိသူတစ်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ပြတိုက်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြတိုက်အတွင်း၊ အပြင်ရှိ ပြကွက်များတွင် ပြသထားသည့် လေယာဉ်များ၊ တိုက်လေယာဉ်များ၊ ဟယ်လီကော်ပတာများ၊ ထိုင်းဘုရင့်မိသားစုနှင့် အထူးဧည့်သည်တော်များစီးနင်းခဲ့သည့် သမိုင်းဝင်အထူးလေယာဉ်များ၊ လေယာဉ်မောင်းနှင်မှုပုံစံတူစက်များ၊ လေတပ်စကားပြောစက်များ၊ လက်နက်ကိရိယာများနှင့်စစ်ဝတ်စုံများ၏ ပြောင်းလဲလာပုံများကို လေ့လာကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ထိုင်းဘုရင့်တပ်မတော်(လေ) အမျိုးသားလေကြောင်းထိန်းသိမ်းမှုပြတိုက်မှ တာဝန်ရှိသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

အဆိုပါ ထိုင်းဘုရင့်တပ်မတော်(လေ) အမျိုးသားလေကြောင်း ထိန်းသိမ်းမှုပြတိုက် (National Aviation Museum of the Royal Thai Air Force)သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ Don Mueang ခရိုင်ရှိ ဒွန်မောင်း ထိုင်းဘုရင့်လေတပ်စခန်း၌ တည်ရှိပြီး ထိုင်းဘုရင့်တပ်မတော်(လေ)မှ အသုံးပြုခဲ့သည့် လေယာဉ်အမျိုးမျိုးနှင့် အခြားသောလေကြောင်းဆိုင်ရာကိရိယာများကို စုဆောင်းရန်၊ ထိန်းသိမ်းရန်နှင့် ပြန်လည်ပြင်ဆင် မွမ်းမံရန်ရည်ရွယ်၍ ၁၉၅၂ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုင်းနိုင်ငံ၏ ပထမဆုံးဒီဇိုင်းရေးဆွဲထုတ်လုပ်ခဲ့သော ဗုံးကြဲလေယာဉ် Baribatra Bomber၊ ကမ္ဘာပေါ်တွင် နောက်ဆုံးကျန်ရှိတော့သည့် Curtiss Hawk III နှင့် Tachikawa Ki-36 ကဲ့သို့သော ဒုတိယကမ္ဘာစစ်ခေတ် ရှားပါးစစ်လေယာဉ်များ၊ F-5A ၊ F-16A နှင့် Gripen တိုက်လေယာဉ်များ၊ စစ်ဘက်သုံး ရဟတ်ယာဉ်များ၊ သယ်ယူပို့ဆောင်ရေး လေယာဉ်များကို ခင်းကျင်းပြသထားပြီး လေတပ်စခန်းသုံးပစ္စည်းများ၊ ခေတ်အဆက်ဆက် လေသူရဲယူနီဖောင်းများ၊ စစ်ဘက်သုံး ဆက်သွယ်ရေးကိရိယာများနှင့် လေကြောင်းဆိုင်ရာ စာကြည့်တိုက်တို့ကိုလည်းထည့်သွင်းပြသထားကြောင်း သိရသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ထိုင်းဘုရင့်တပ်မတော်ဖွံ့ဖြိုးရေးဌာနချုပ်အတွင်း ကြည့်ရှုလေ့လာစဉ်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ယမန်နေ့ မွန်းလွဲပိုင်းတွင်လည်း ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ထိုင်းဘုရင့်တပ်မတော်ဖွံ့ဖြိုးရေးဌာနချုပ်သို့ သွားရောက်လေ့လာကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ထိုင်းဘုရင့်တပ်မတော်ဖွံ့ဖြိုးရေးဌာနချုပ်သို့ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက်ဌာနချုပ်အစည်းအဝေးခန်းမတွင် တော်ဝင်စီမံကိန်းဖွံ့ဖြိုးတိုးတက်ရေးရုံး ညွှန်ကြားရေးမှူးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဌာနချုပ် သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များ မှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ဌာနချုပ်အတွင်းရှိ ထိုင်းဘုရင်များ၏သမိုင်းကြောင်းဆိုင်ရာပြခန်းများ၊ ရေစီမံခန့်ခွဲမှုနှင့် တော်ဝင်စီမံကိန်းအရ တည်ဆောက်ခဲ့သောဖွံ့ဖြိုးရေးလေ့လာရေး စင်တာများပြခန်း၊ ဖွံ့ဖြိုးရေးစီမံကိန်းကွန်ရက်ရှိ နယ်စပ်ဒေသများရှိ အခြေခံအဆောက်အအုံတည်ဆောက်ရေးဆိုင်ရာ ဒေတာများနှင့် စီမံကိန်းတိုးတက်မှုပြသထားသည့် မြေပုံ၊ စနစ်များပြခန်း၊ အရေးပေါ်ကယ်ဆယ်ရေးဆိုင်ရာ စက်ယန္တရားများ၊ ဆက်သွယ်ရေးနှင့် နည်းပညာပြခန်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး စစ်ဆင်ရေးဗဟိုဌာနပြခန်းတို့ကို စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ထိုင်းဘုရင့်တပ်မတော်ဖွံ့ဖြိုးရေး ဌာနချုပ်မှတာဝန်ရှိသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ထို့အတူ ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်နီလာသည် အဖွဲ့ဝင်များလိုက်ပါ၍ ဩဂုတ် ၁၉ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ စစ်မှုထမ်းဟောင်း အထွေထွေရောဂါကုဆေးရုံကြီး (Veterans General Hospital) သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်နီလာနှင့်အဖွဲ့ဝင်များသည် စစ်မှုထမ်းဟောင်း အထွေထွေရောဂါကုဆေးရုံကြီးသို့ရောက်ရှိကြရာ ဆေးရုံမှ တာဝန်ရှိသူများက ဆေးရုံအစည်းအဝေးခန်းမတွင် ဆေးရုံသမိုင်းမှတ်တမ်းဆိုင်ရာများ၊ ဆေးဝါးကုသပေးမှုနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို Video Presentation ဖြင့် ရှင်းလင်းတင်ပြမှုကို ကြည့်ရှုကြသည်။ ယင်းနောက် ဆေးရုံအတွင်း သစ်သားပန်းပုနှင့် ထိုင်းရိုးရာ Oshie လက်မှုအနုပညာ လုပ်ဆောင်မှုများကို လေ့လာကြည့်ရှုခဲ့ကြသည်။

အဆိုပါ စစ်မှုထမ်းဟောင်း အထွေထွေရောဂါကုဆေးရုံကြီး (Veterans General Hospital-VGH) သည် ဗန်ကောက်မြို့ Phaya Thai မြို့နယ်ရှိ Vibhavadi Rangsit လမ်းမကြီးပေါ်တွင် တည်ရှိသော အစိုးရအထူးကုဆေးရုံကြီးတစ်ခုဖြစ်ပြီး စစ်မှုထမ်းဟောင်းများစောင့်ရှောက်ရေးအဖွဲ့အစည်း (War Veterans Organization of Thailand-WVO)၏လက်အောက်တွင် စစ်ပွဲများနှင့် တာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့ကြသော စစ်မှုထမ်းဟောင်းများ၊ မသန်စွမ်းဖြစ်သွားခဲ့သည့် ရဲဘော်များနှင့် ၎င်းတို့၏ မိသားစုဝင်များကိုဆေးကုသမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စနစ်တကျ ထောက်ပံ့ကူညီပေးနိုင်ရန် ၁၉၇၀ ပြည့်နှစ်က စတင်ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ စစ်သံရုံးရှိ ဝန်ထမ်းများနှင့် သင်တန်းသားများကို တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် ဩဂုတ် ၂၁**

ထိုင်းနိုင်ငံသို့ ရောက်ရှိနေသည့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံစစ်သံရုံးရှိ ဝန်ထမ်းများနှင့်မိသားစုများ၊ ပညာတော်သင် သင်တန်းသားများကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ တည်းခိုရာဟိုတယ် ဧည့်ခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာစစ်သံ(ကြည်း၊ ရေ၊လေ) ဗိုလ်မှူးချုပ်ဝင်းသူလင်းနှင့် တာဝန်ရှိသူများ၊ သံရုံးမိသားစုများ၊ သင်တန်းသားများတက်ရောက်ကြသည်။

ဦးစွာ စစ်သံရုံးဝန်ထမ်းများနှင့် သင်တန်းသားများက တစ်ဦးချင်း မိတ်ဆက်၍ သံရုံးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် သင်တန်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်ကိုကာကွယ်ရမည်ဟူသော အသိစိတ်၊ နိုင်ငံချစ်စိတ်ဖြင့် နိုင်ငံတော်၊ တပ်မတော်နှင့် မိသားစုအပေါ် သစ္စာစောင့်သိကြရန်လိုကြောင်း၊ ပညာတော်သင်ရောက်ရှိနေခြင်းသည် နိုင်ငံ့တာဝန်ထမ်းဆောင်နေခြင်းပင်ဖြစ်၍ နိုင်ငံအတွက်၊ တပ်မတော်အတွက် အကျိုးရှိအောင် ပြန်လည်အသုံးချနိုင်သည်ထိ ကြိုးစားသင်ယူသွားကြရန် လိုကြောင်း၊ သင်ယူသည့် ဘာသာရပ်များမှတစ်ဆင့် ပိုမိုမြင့်မားသည့် အသိပညာ၊ အတတ်ပညာများ သင်ယူနိုင်ရေးမျှော်မှန်း၍ လေ့လာသွားကြရန်လိုကြောင်း၊ တာဝန်ထမ်းဆောင်ချိန်နှင့် သင်တန်းကာလတစ်လျှောက်တွေ့ကြုံရသည့် နိုင်ငံတကာဆက်ဆံရေးအတွေ့အကြုံကောင်းများကို ကောင်းမွန်စွာရရှိရေး လေ့လာသင်ယူသွားရန်လိုကြောင်း၊ နေထိုင်စဉ်ကာလအတွင်း သက်ဆိုင်ရာနိုင်ငံ၏ ဘာသာစကားကို ကျွမ်းကျင်အောင် လေ့ကျင့်သင်ယူသွားရန်နှင့် ဓလေ့ထုံးတမ်းအစဉ်အလာများ၊ ဥပဒေများကို သိရှိအောင်လေ့လာ၍ စည်းကမ်းနှင့်အညီ နိုင်ငံနှင့်တပ်မတော်၏ ဂုဏ်သိက္ခာအတွက် စနစ်တကျနေထိုင်သွားကြရန်လိုကြောင်း။

မြန်မာ – ထိုင်း နှစ်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံများဖြစ်ပြီး ယခင်ကတည်းက နှစ်နိုင်ငံခေါင်းဆောင်များ ချစ်ကြည်ရင်းနှီးမှုများရှိခဲ့ကြောင်း၊ တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်နှင့် တပ်မတော်အတွက် ကိုယ်စား ဆောင်ရွက်နေကြသူများဖြစ်သောကြောင့် မိသားစုစိတ်ဓာတ်ဖြင့် စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်နေထိုင်ကြရန်လိုကြောင်း၊ မိမိတို့တာဝန်ယူရသည့်ကဏ္ဍအလိုက် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေးနှင့် အမျိုးသားအကျိုးစီးပွားကို ကာကွယ်မြှင့်တင်ရာတွင် စံနမူနာပြဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်ကြရန်လိုကြောင်း၊ သင်တန်းသားများအနေဖြင့် သင်ကြားပေးသည့် အတတ်ပညာများကို အလေးအနက်ထား သင်ယူသွားကြရန်လိုပြီး အမြဲမပြတ် လေ့လာ အားထုတ်နေကြရမည်ဖြစ်ကြောင်း၊ သင်ယူရရှိလာသည့် အသိပညာ၊ အတတ်ပညာများကို မိမိတို့နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကဏ္ဍများတွင် ထိရောက်စွာ ပြန်လည်အသုံးချကြရန်၊ မိမိနိုင်ငံအတွက် အားကိုးရသည့် ထူးချွန်သူများဖြစ်အောင် ကြိုးပမ်းကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံစစ်သံရုံးရှိ ဝန်ထမ်းများနှင့် သင်တန်းသားများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်သံရုံးမိသားစုများ၊ သင်တန်းသားများအတွက် စားသောက်ဖွယ်ရာများနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ရာ တာဝန်ရှိသူများက အသီးသီးလက်ခံရယူကြသည်။ တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တက်ရောက်လာကြသည့် သံရုံးမိသားစုများနှင့် သင်တန်းသားများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (ဖြိုး)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၂၁**

ထိုင်းနိုင်ငံတွင် ကျင်းပသည့် ၉ ကြိမ်မြောက် ထိုင်း-မြန်မာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး (9th Thailand– Myanmar High Level Committee Meeting ) တက်ရောက်ခဲ့သည့် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ဦးဆောင်သည့် မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ ထိုင်းဘုရင့်လေတပ် Wing 6 မှ ပြန်လည်ထွက်ခွာခဲ့ကြရာ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Ukris Boontanondha နှင့် ဇနီး၊ ထိုင်းဘုရင့်တပ်မတော်မှအရာရှိကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဇော်ဇော်စိုး၊ မြန်မာစစ်သံ(ကြည်း၊ရေ၊လေ) ဗိုလ်မှူးချုပ်ဝင်းသူလင်းနှင့်တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များ လိုက်ပါလာသည့် တပ်မတော် အထူးလေယာဉ်သည် နေပြည်တော်လေဆိပ်သို့ ပြန်လည်ရောက်ရှိရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံစစ်သံရုံးတို့မှ တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုခဲ့ကြသည်။

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ အဖွဲ့ဝင်များသည် ထိုင်း – မြန်မာ အဆင့်မြင့်အရာရှိများ အစည်းအဝေးသို့ တက်ရောက်ခဲ့ကြပြီး ထိုင်းဘုရင့်တပ်မတော်မှအကြီးအကဲများနှင့်တွေ့ဆုံ၍ နှစ်နိုင်ငံတပ်မတော်နှစ်ရပ်ကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခြင်းနှင့် ထိုင်းနိုင်ငံရှိ အထင်ကရနေရာများကို သွားရောက်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ (ဖြိုး)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးအား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်းက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

# နောင်ချိုမြို့နယ်ရှိ နှစ်ပေါင်း ၁၂၆ နှစ် သက်တမ်းရှိ ဂုတ်ထိပ်တံတားကို ရှေးဟောင်းအမွေအနှစ်အဖြစ် ကမ္ပည်းမော်ကွန်းကျောက်ပြားတပ်ဆင်



မန္တလေး ဩဂုတ် ၂၁

ရှမ်းပြည်နယ်တွင် ရှေးဟောင်းအဆောက်အအုံ ၆၅ ခုကို နိုင်ငံတော်က ထိန်းသိမ်းစောင့်ရှောက်လျက်ရှိရာ ကျောက်မဲခရိုင် နောင်ချိုမြို့နယ်ရှိ ဂုတ်ထိပ်တံတားလည်း တစ်ခုအပါအဝင်ဖြစ်ပြီး နှစ်ပေါင်း ၁၂၆ နှစ် သက်တမ်းရှိသည့် ဂုတ်ထိပ်တံတားကို ရှေးဟောင်းအမွေအနှစ်အဖြစ် ကမ္ပည်းမော်ကွန်းကျောက်ပြားတပ်ဆင်ခဲ့ကြောင်း သိရသည်။

ဂုတ်ထိပ်တံတား ကမ္ပည်းမော်ကွန်းကျောက်ပြား တပ်ဆင်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါတံတား၌ ကျင်းပခဲ့ပြီး ပို့ဆောင်ရေးနှင့် ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က တံတားကြီးသည် အမြင့် ၄၅ ပေမှ ပေ ၃၂၀ ကြားထိ ကွဲပြားခြားနားသော သံမဏိမြင်းခုံများဖြင့် ထောက်ထားလျက်ရှိပြီး အမြင့်ဆုံးမြင်းခုံသည် ပေ ၁၁၀၀ နက်ရှိုင်းသည့် သဘာဝပေါင်းကူးတံတားပေါ်တွင် တည်ဆောက်ထားသဖြင့် ထူးခြားပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာ့မီးရထားကလည်း REB ရထားဖြင့် ပြင်ဦးလွင်-နောင်ချို-ဂုတ်ထိပ်ခရီးစဉ်ကိုပြေးဆွဲ၍ ဝန်ဆောင်မှုပေးလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ဂုတ်ထိပ်တံတားကို ကမ္ပည်းမော်ကွန်းကျောက်ပြား သုံးခုတပ်ဆင်ခြင်း၊ ဂုတ်ထိပ်တံတားနှင့်ပတ်သက်၍ လာရောက်လေ့လာလည်ပတ်သူများ သိရှိနိုင်ရန် သတင်းအချက်အလက်ဆိုင်းဘုတ်စိုက်ထူခြင်းတို့ကို ဆောင်ရွက်ကြသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါနယ်တွင် ရှမ်းဘာသာအားဖြင့် ဟိုကွတ်ဟုခေါ်သောရွာကို မြန်မာတို့က ငုတ်ထိပ်ဟုခေါ်ဆိုရာမှ ဟိုကွတ်နှင့် ငုတ်ထိပ်ဟူသောအခေါ်မှာ ထိုနေရာဒေသတွင် မြစ်ချောင်းများကွယ်ပျောက်သွားသည်ကို အစွဲပြု၍ ခေါ်ခြင်းဖြစ်၍ ကာလရွေ့လျားလာသောအခါ ငုတ်ထိပ်ကို ဂုတ်ထိပ်ဟူ၍ ပြောင်းလဲခေါ်တွင်လာခဲ့ခြင်းဖြစ်ကြောင်း၊ ၁၈၉၇ ခုနှစ်တွင် ဗြိတိသျှအစိုးရသည် မန္တလေးမှ ဗန်းမော်သို့ မီးရထားလမ်းဖောက်လုပ်ခဲ့ရာမှ မန္တလေးမှ လားရှိုးသို့လည်း မီးရထားလမ်းဖောက်လုပ်ရန်လိုအပ်ကြောင်း တွေ့ရှိလာခဲ့သဖြင့် ဂုတ်ထိပ်တောင်ကြားကူးတံတား(GOHTEIK VIADUCT) ကို အမေရိကန်နိုင်ငံ ပင်ဆီလ်ဗေးနီးယားနှင့်မေရီလန်တံတား ဆောက်လုပ်ရေးကုမ္ပဏီကို ငှားရမ်းဆောက်လုပ်စေခဲ့ကြောင်း၊ ၁၈၉၉ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ရာ ၁၉၀၀ ပြည့်နှစ်တွင် ပြီးစီးခဲ့ပြီး ၁၉၀၃ ခုနှစ်တွင် စတင်ဖွင့်လှစ်အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ




ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် ဒိုင်းဆုရရှိသည့်အသင်းကို ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် ဩဂုတ် ၂၁

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက ဗိုလ်လုပွဲစဉ်အဖြစ် ဝိတ်တန်းအလိုက် အားကစားသမားများ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသော မြိတ်တပ်နယ်ကိုယ်စားပြု အသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်များနှင့် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ရှစ်သင်းဖြင့် ဩဂုတ် ၁၇ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ရောဝတီတိုင်းဒေသကြီးအတွင်း မြို့နယ် ခြောက်မြို့နယ်ရှိ ရပ်ကွက် ၁၉ ခုနှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုဖြစ်ပွား၊ ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ






အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေဘေးသင့်ပြည်သူများအတွက် စားနပ်ရိက္ခာစားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးအပ်ခြင်းဆောင်ရွက်စဉ်။

နေပြည်တော် ဩဂုတ် ၂၁

ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုစတင်ဖြစ်ပွားခဲ့သည်။ အဆိုပါရေဝင်ရောက်မှုကြောင့် ယနေ့ထိ လေးမျက်နှာမြို့ပေါ်ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ဒသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများဖြစ်ပွားလျက်ရှိကြောင်းသိရသည်။

အဆိုပါ ဒေသများရှိရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ ရေဘေးကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ထားရှိပြီး အရေးပေါ်ကူညီကယ်ဆယ်နိုင်ရေးအတွက် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံ တိုင်းရင်းသားများပူးပေါင်း၍ ရွာဖွေကူညီကယ်ဆယ်ပေးခြင်း၊ စားနပ်ရိက္ခာစားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ဝန်ပန်းတာ ရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာသုံး အင်ဂျင်နီယာဆိုင်ရာ တားဆီးမှုများဖြစ်သည့်(Geobags) သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ဝန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများ အသုံးပြု၍ အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။(၅၀၁)

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ။**

# ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ဘယ်လာရုစ်သမ္မတနိုင်ငံ ပညာရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်အတူ ဘယ်လာရုစ်သမ္မတနိုင်ငံ တရားဝင်ခရီးစဉ်တွင် လိုက်ပါလာသည့် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ပညာရေးဝန်ကြီး H. E. Mr. Ivanets Andrey Ivanovich တို့သည် ယမန်နေ့ ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် မင့်စ်မြို့ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။



တွေ့ဆုံပွဲတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ ပညာရေးဝန်ကြီးက ယခုကဲ့သို့ အဆွေတော်တို့ လာရောက်ခြင်းသည် မိမိတို့အဖွဲ့အစည်းနှစ်ခုကြား အဆင့်တစ်ခုကို တက်လှမ်းခြင်းဖြစ်ပြီး ပိုမိုကောင်းမွန်သည့်ဆွေးနွေးမှုများ ဆက်လက်ရရှိနိုင်မည်ဟု မျှော်လင့်မိကြောင်း၊ မိမိတို့အဖွဲ့အစည်းနှစ်ခုကြားတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်လျက်ရှိကြောင်း၊ ပညာရေးဆိုင်ရာနှင့်ပတ်သက်ပြီး အပြန်အလှန် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးရန် အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ကျင်းပသည့် ဘယ်လာရုစ်-မြန်မာ စီးပွားရေးဖိုရမ်တွင်လည်း ပါဝင်တက်ရောက်ခဲ့ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က မိမိတို့အဖွဲ့ကို လက်ခံတွေ့ဆုံမှုအတွက် အထူးပင်ကျေးဇူးတင်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် တက္ကသိုလ်များသည် ပညာရေးဝန်ကြီးဌာန လက်အောက်တွင်ရှိသကဲ့သို့ သီးခြားဝန်ကြီးဌာနများ လက်အောက်တွင်လည်း ရှိကြောင်း၊ ပညာရေးဝန်ကြီးဌာန လက်အောက်တွင် ဝိဇ္ဇာသိပ္ပံတက္ကသိုလ်များ၊ စီးပွားရေးတက္ကသိုလ်များ၊ ဘာသာစကားတက္ကသိုလ်များရှိကြောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန လက်အောက်တွင် နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များရှိကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန လက်အောက်တွင် ဆေးတက္ကသိုလ်များရှိကြောင်း၊ မိမိတို့ကိုယ်စားလှယ်များသည် ဝန်ကြီးဌာန သုံးခုကိုကိုယ်စားပြုကြောင်း၊ ရန်ကုန်တက္ကသိုလ်နှင့် ဘယ်လာရုစ် State တက္ကသိုလ်တို့ကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရန်နှင့် ပညာရေးဝန်ကြီးဌာနအချင်းချင်းလည်း လက်မှတ်ရေးထိုးရန် အဆင်သင့်ဖြစ်သည်ဟု သိရှိရသည့်အတွက် မိမိတို့ဘက်ကလည်း အဆင်သင့်ဖြစ်နေပြီဖြစ်ကြောင်း ပြောကြားသည်။

အလားတူ မြန်မာအာကာသအေဂျင်စီ အမှုဆောင်အရာရှိချုပ် ဒေါက်တာစိုးမြင့်မောင်က မိမိတို့ကို ဖိတ်ခေါ်ပြီး နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မည့် ကဏ္ဍများကို ကြားသိခွင့်ရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ ဘယ်လာရုစ်နိုင်ငံသည် သိပ္ပံပညာရပ်များတွင်သာမက အာကာသနည်းပညာနှင့် ဂြိုဟ်တုအသုံးချသည့်လုပ်ငန်းများတွင် တိုးတက်မှုများစွာရရှိနေသည်ကိုသိရှိရကြောင်း၊ မြန်မာအာကာသအေဂျင်စီအနေဖြင့် Belarusian State University နှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားကြောင်း၊ ဘယ်လာရုစ်နိုင်ငံ သမ္မတကြီး မြန်မာနိုင်ငံကို ခရီးစဉ်လာရောက်ချိန်က မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံကြား သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြောင်း။

ထိုအချိန်က ဘယ်လာရုစ်နိုင်ငံ သမ္မတကြီးသည် မိမိတို့နှစ်နိုင်ငံကြားတွင် သိပ္ပံနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်ရာတွင် ကန့်သတ်မှု၊ တားမြစ်ထားမှုတစ်စုံတစ်ရာ လုံးဝမရှိဘဲ ပူးပေါင်းဆောင်ရွက်ရာတွင် ပွင့်ပွင့်လင်းလင်းလုပ်နိုင်သမျှ ပူးပေါင်းဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့ဖူးကြောင်း၊ မြန်မာနိုင်ငံ၏ အာကာသအေဂျင်စီနှင့် Belarusian State University တို့ ယခုခရီးစဉ်အတွင်း နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးလဲလှယ်ရန်ရှိပါကြောင်း၊ အဆွေတော် ဝန်ကြီးအနေဖြင့် ဘယ်လာရုစ်နိုင်ငံတွင် တိုးတက်နေသည့် သိပ္ပံနှင့် နည်းပညာဘာသာရပ်များ၊ မောင်းသူမဲ့လေယာဉ် တည်ဆောက်ရေးကိစ္စရပ်များ၊ ဂြိုဟ်တုအသေးစားများ တည်ဆောက်ရေးနှင့် ဂြိုဟ်တုကိုအသုံးချပြီး စိုက်ပျိုးရေးလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ဆက်သွယ်ရေးလုပ်ငန်းများတွင် အသုံးချနိုင်ရန် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို ချဲ့ထွင်ပေးရန် အခွင့်အလမ်းများပေးအပ်နိုင်ရေး တောင်းဆိုလိုပါကြောင်း ပြောကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီး ဒေါက်တာနေခြည်လဲ့လဲ့သိန်းက မိမိတို့ကို ယခုကဲ့သို့ အချိန်ပေးပြီး တွေ့ဆုံသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနသည် အဓိကအားဖြင့် နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များရှိပြီး ယင်းတက္ကသိုလ်များတွင် အဏုမြူနှင့်ပတ်သက်သည့် ဘာသာရပ်များ သင်ကြားနေခြင်းများရှိသကဲ့သို့ အာကာသနည်းပညာနှင့်ပတ်သက်ပြီးလည်း သင်ကြားပေးလျက်ရှိကြောင်း၊ ထို့ပြင် အသက်မွေးဝမ်းကျောင်းမှုပညာနှင့် ပတ်သက်သည့် နည်းပညာကျောင်းများနှင့် သက်မွေးပညာကောလိပ်များလည်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန လက်အောက်တွင်ရှိကြောင်း၊ မိမိတို့နိုင်ငံကိုလည်း လာရောက်လည်ပတ်ရန်အတွက် ဖိတ်ခေါ်လိုပါကြောင်း ပြောကြားသည်။

ထို့နောက် အပြန်အလှန်ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်နှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဘယ်လာရုစ်သမ္မတနိုင်ငံ ပညာရေးဝန်ကြီး H. E. Mr. Ivanets Andrey Ivanovich၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဌာန အကြီးအကဲ Irina Shitkovsk aya၊ အဆင့်မြင့်ပညာရေးဌာန အကြီးအကဲ Dutina Alina Alexandrovna၊ သိပ္ပံနှင့်ဆန်းသစ်တီထွင်မှုဌာန အကြီးအကဲ Sheshko Nikolay Nikolaevich တို့ တက်ရောက်ကြသည်။

ဆက်လက်၍ မြန်မာအာကာသအေဂျင်စီအမှုဆောင်အရာရှိချုပ်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် Belarusian State University သို့ သွားရောက်လေ့လာရာ Belarusian State University မှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး Belarusian State University ၏ ပထမအဓိပတိ Dmitry Miroslavovich Kurlovich၊ သိပ္ပံနှင့်သုတေသနလုပ်ငန်းဆိုင်ရာ ဒုတိယအဓိပတိ Andrey Viktorovich Blokhin နှင့် တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး၍ Belarusian State University အတွင်းရှိ စမ်းသပ်ခန်းများကို ကြည့်ရှုလေ့လာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ-ဘယ်လာရုစ် ကျန်းမာရေးဝန်ကြီးများ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်အတူ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ တရားဝင်ခရီးစဉ်တွင် လိုက်ပါလာသည့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ဘယ်လာရုစ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး Mr. Aliaksandr Khajayeu နှင့် ယမန်နေ့ ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် Belarusian State Medical University ၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံ ကျန်းမာရေးဝန်ကြီးများသည် နှစ်နိုင်ငံအကြား ကျန်းမာရေးကဏ္ဍနှင့် ပတ်သက်သည့် ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကို ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးကြပြီး Belarusian State Medical University တွင် ကျောင်းသားများ ပညာသင်ကြားရေးနှင့် ပတ်သက်သည်များကို လေ့လာကြည့်ရှုကာ ဆေးရုံများကို လှည့်လည်ကြည့်ရှုကြသည်။



ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့တွင် တည်ရှိသည့် Belarusian State Medical University သည် နိုင်ငံအတွင်း သက်တမ်းအရှည်ဆုံးနှင့် အဓိကကျသည့် ဆေးတက္ကသိုလ်တစ်ခုဖြစ်ကြောင်း၊ အဆိုပါ ဆေးတက္ကသိုလ်သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)တွင် စာရင်းဝင်ထားပြီး နိုင်ငံတကာဆေးကောင်စီများက အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုဖြစ်ကာ နိုင်ငံတကာကျောင်းသားများအတွက် ဆေးပညာနှင့် သွားဘက်ဆိုင်ရာ ဆေးပညာဘာသာရပ်များကို အင်္ဂလိပ်ဘာသာစကားဖြင့် တိုက်ရိုက်သင်ကြားပေးသည့် ဆေးတက္ကသိုလ်တစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ဓာတ်အားခွဲရုံများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် ဓာတ်အားပိတ်မည့်အစီအစဉ်နှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးပန်ကြားချက်

**နေပြည်တော် ဩဂုတ် ၂၁**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း ဝန်အားမျှတတည်ငြိမ်စွာဖြင့် စဉ်ဆက်မပြတ် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်ရန်အတွက် ပင်မဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများကို အခါအားလျော်စွာ ထိန်းသိမ်းပြုပြင်ခြင်းနှင့် လိုအပ်ပါက အသစ်တိုးချဲ့တည်ဆောက်ခြင်းများကို ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကေဗွီ ၂၃၀ လှော်ကားပင်မဓာတ်အားခွဲရုံရှိ အပူချိန်မြင့်တက်မှုဖြစ်ပေါ်နေသောကြားခံလျှပ်ကူးပစ္စည်းကိုအစားထိုးလဲလှယ်ခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရန် အဆိုပါခွဲရုံရှိ ပင်မထရန်စဖော်မာအမှတ်(၂)နှင့် ၃၃ ကေဗွီ ပင်မဖြန့်ဖြူးရေးလိုင်း အမှတ်(၂)တို့ကို ဩဂုတ် ၂၃ ရက် မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီထိ ဓာတ်အားပိတ်ဆောင်ရွက်သွားမည်ဖြစ်ရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိမင်္ဂလာဒုံမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ လှည်းကူးမြို့နယ်၊ မှော်ဘီမြို့နယ်တို့ရှိ ရပ်ကွက်၊ ကျေးရွာများ၊ စက်မှုဇုန်များ၊ စက်ရုံ၊ အလုပ်ရုံများ ဓာတ်အားပြတ်တောက်နေမည်ဖြစ်ပါ၍ ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများကို သက်ဆိုင်ရာမြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများကတစ်ဆင့်ကြိုတင်အသိပေးထားပြီးဖြစ်သည်။

ထို့အတူ ကေဗွီ ၂၃၀ မော်လမြိုင် ပင်မဓာတ်အားခွဲရုံရှိ ကြိုးလွန်းပွ၊ လွန်းပြတ်မှုဖြစ်ပေါ်နေသော ကြိုးများကို အစားထိုးလဲလှယ်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန် အဆိုပါခွဲရုံရှိ ပင်မထရန်စဖော်မာအမှတ်(၂)ကို ဩဂုတ် ၂၃ ရက် မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီထိ လေးနာရီကြာခန့် ဓာတ်အားပိတ်ဆောင်ရွက်သွားမည်ဖြစ်၍ မွန်ပြည်နယ်အတွင်းရှိသံဖြူဇရပ်မြို့၊ ချောင်းဆုံမြို့၊ ကမာဝက်မြို့၊ ကျိုက္ခမီမြို့၊ မော်လမြိုင်မြို့တို့ရှိ ရပ်ကွက်၊ ကျေးရွာများ၊ တပ်ရင်း၊ တပ်ဖွဲ့များ၊ စက်ရုံ၊အလုပ်ရုံများ ဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများကို သက်ဆိုင်ရာမြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများကတစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်သည်။

ထို့ပြင် ကေဗွီ ၂၃၀ ဝါးတရာပင်မဓာတ်အားခွဲရုံရှိ မီးစားမှုဖြစ်ပေါ်နေသော ဗို့အားမြှင့်ဓာတ်အား ဖွင့်ပိတ်ခလုတ်ကို ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန် အဆိုပါခွဲရုံရှိ ပင်မထရန်စဖော်မာအမှတ်(၁)ကို ဩဂုတ် ၂၃ ရက် နံနက် ၈ နာရီမှ ၁၀ နာရီခွဲထိ အချိန်နှစ်နာရီခွဲခန့် ဓာတ်အားပိတ်ဆောင်ရွက်သွားမည်ဖြစ်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သာခုကန်စက်မှုဇုန်၊ ဝါးတရာစက်မှုဇုန်၊ ရွှေလင်ပန်းစက်မှုဇုန်၊ မြန်မာပေါင်ချိန်စက်ရုံ၊ ရွှေပြည်သာမြို့နယ်တို့ရှိ ရပ်ကွက်အချို့၊ ကျေးရွာများ၊ စက်ရုံ၊ အလုပ်ရုံများ ဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်းနှင့် ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများကို သက်ဆိုင်ရာမြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများကတစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်ပါကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# အသက် ၁၀၁ နှစ်ပြည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်ကို ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်



**ရန်ကုန် ဩဂုတ် ၂၁**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် တစ်ဦးဖြစ်သူ ဗိုလ်ကြီးမြစိန်(အငြိမ်းစား)ကို မြောက်ဥက္ကလာပမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် အသက် ၁၀၁ နှစ်ပြည့် ဂါရဝပြု ဂုဏ်ပြုချီးမြှင့်ငွေများ သွားရောက်ပေးအပ်ကြသည်။

ဦးစွာ တာဝန်ရှိသူများက အသက် ၁၀၁ နှစ်ပြည့် ဗိုလ်ကြီးမြစိန်(အငြိမ်းစား)ကို နှုတ်ဆက်စကားပြောကြားပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ် ရန်ကုန်တိုင်းဒေသကြီး (စည်ပင်အတွင်း) စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့နှင့် မြောက်ဥက္ကလာပမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့တို့က ပေးအပ်ချီးမြှင့်သည့် ဂုဏ်ပြုချီးမြှင့်ငွေများကို ဂါရဝပြုပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၃၃ ကေဗွီဓာတ်အားခွဲရုံအမှတ်(၈)တွင် ဓာတ်အားလိုင်းအသစ်သွယ်တန်းခြင်းနှင့် ချိတ်ဆက်ခြင်းလုပ်ငန်းဆောင်ရွက်မည်ဖြစ်ရာ ဥတ္တရသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်အချို့နှင့် ရုံးဌာနအဖွဲ့အစည်းများ ယာယီဓာတ်အားပြတ်တောက်မည်

**နေပြည်တော် ဩဂုတ် ၂၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်အတွင်း ဓာတ်အားလိုင်းများ အပြစ်ဖြစ်ပေါ်ပါက ဓာတ်အားပြတ်ဧရိယာ လျှော့ချနိုင်ရန်အတွက် ၃၃ ကေဗွီ ဓာတ်အားခွဲရုံ အမှတ်(၈)တွင် ဓာတ်အားလိုင်းအသစ်သွယ်တန်းခြင်းနှင့် ဓာတ်အားလိုင်းချိတ်ဆက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဩဂုတ် ၂၃ ရက် နံနက် ၈ နာရီမှ ညနေ ၄ နာရီထိ ဓာတ်အားပိတ်၍ လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ရာ ဥတ္တရသီရိမြို့နယ်အတွင်းရှိ ဇဝနသိဒ္ဓိရပ်ကွက်၊ ရတနာသိဒ္ဓိရပ်ကွက်များနှင့် ရုံးဌာနအဖွဲ့အစည်းများတွင် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း ဓာတ်အားပြတ်ဧရိယာများရှိ ရုံးဌာနများနှင့် အများပြည်သူဆိုင်ရာနေရာများကို ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံ တိုင်ကြားနိုင်ပါကြောင်း ပြည်သူသို့ အသိပေးခြင်း

၁။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် နိုင်ငံသားများ၏ လူ့အခွင့်အရေး ဖောက်ဖျက်ခံရမှုများနှင့်စပ်လျဉ်းသည့် တိုင်တန်းချက်များကို စုံစမ်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိရာ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် ဥပဒေပါအခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေး၊ ကလေးသူငယ်အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေး ဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်က လက်ခံထားသည့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး သဘောတူစာချုပ်များတွင်ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက မိမိကိုယ်တိုင်နှင့် အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကိုကိုယ်စားပြု၍သော်လည်းကောင်း **မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေပုဒ်မ ၃၀** အရ ကော်မရှင်သို့ တိုင်ကြားနိုင်ပါသည်။

၂။ တိုင်ကြားမှုကို **ဥက္ကဋ္ဌ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အမှတ်(၂၇) ၆ မိုင်ခွဲ ပြည်လမ်း လှိုင်မြို့နယ် ရန်ကုန်မြို့**နှင့် နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့တို့ရှိ ကော်မရှင်ရုံးခွဲများသို့ လိပ်မူ၍ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ ဖက်စ်နံပါတ် ၀၁၈-၆၅၄၆၇၈ သို့ဖြစ်စေ၊ e-mail လိပ်စာ info@mnhrc.org.mm သို့ဖြစ်စေ အောက်ပါအချက်များ (အားလုံး)ပြည့်စုံစွာ ဖော်ပြတိုင်ကြားနိုင်ပါသည်-

(က) တိုင်ကြားသူ၏အမည်၊ အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံ၊ (ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်နှင့် e-mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(ခ) တိုင်ကြားသူသည် မည်ကဲ့သို့ လူ့အခွင့်အရေးဖောက်ဖျက်ခံရပြီး နစ်နာဆုံးရှုံးကြောင်း ပြည့်စုံစွာဖော်ပြချက်၊ လိုအပ်ပါက မှတ်တမ်းဓာတ်ပုံနှင့် အထောက်အထားမိတ္တူများ ပူးတွဲလျက်ပေးပို့ရန်၊

(ဂ) တိုင်ကြားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ မဖြစ်မနေ ပူးတွဲပေးပို့ရန်၊

(ဃ) တိုင်ကြားချက်ပါ အကြောင်းအရာများ မှန်ကန်ကြောင်း တိုင်ကြားသူက လက်မှတ်ရေးထိုးပေးပို့ရန်။

၃။ ကော်မရှင်သည် တိုင်တန်းချက်များနှင့်စပ်လျဉ်း၍ စိစစ်ပြီး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေအရ တရားရုံးတစ်ခုခု၏ ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲအမှုများ၊ အယူခံမှု သို့မဟုတ် ပြင်ဆင်မှုဝင်ရောက်ဆဲအမှုများနှင့် အပြီးသတ်စီရင်ဆုံးဖြတ်ပြီးသော အမှုများမှအပ ကော်မရှင်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

## ၂၀၂၆ ခုနှစ် ဩဂုတ် ၂၁ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၁၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDFအမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေး ခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)

၄။ Myawady Webportal (https://myawady.net.mm)

၅။ Myanmar National Portal (https://myanmar.gov.mm)

# တပ်မတော်ဆေးရုံများနှင့် ဆေးတပ်ရင်းများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

နေပြည်တော် ဩဂုတ် ၂၁

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာနွယ်ဝင်သီလရှင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ တပ်မတော်ဆေးရုံ၌ မေတ္တာအခါတော်နေ့ အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲသို့ လာရောက်သွေးလှူဒါန်းကြသည့် မုံရွာစီးပွားရေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဝန်ထမ်းများကို အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရနှင့်အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ဆေးရုံတက်ရောက်ကုသလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကိုရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

အလားတူ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံ၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ဆေးတပ်ရင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံနှင့် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရ ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများ ပေးအပ်စဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများ ပေးအပ်စဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုး ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများ ပေးအပ်စဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင် ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများ ပေးအပ်စဉ်။



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဇော ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများ ပေးအပ်စဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဌေး ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်းအားပေး စကားပြောကြားစဉ်။

တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။



အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်ရှိ ရေဘေးသင့်ဒေသခံပြည်သူများကို ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ကရင်ပြည်နယ် မြဝတီမြို့နယ်ရှိ ရေဘေးသင့်ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

❖ **ရေကြီးရေလျှံမှုမှ**

မြို့နယ် သုံးမြို့နယ်ရှိ ရပ်ကွက် ရှစ်ခုမှ ရေဘေးသင့်ပြည်သူ ၂၅၃၃ ဦးကို နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ရေဘေးကင်းလွတ်ရာနေရာများသို့ ရွှေ့ပြောင်းကူညီပေးခြင်းများကို ချက်ချင်းသွားရောက်ဆောင်ရွက်ပေးပြီး ယာယီကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ပေးကာ လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးခြင်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ မွန်ပြည်နယ် ရေးမြို့နယ်အတွင်း၌လည်း ယနေ့မွန်းလွဲပိုင်းမှစတင်၍ မိုးအဆက်မပြတ်ရွာသွန်းမှုများကြောင့် မြေနိမ့်ပိုင်းရပ်ကွက် နှစ်ခု၌ ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သဖြင့် ရေဘေးသင့် ပြည်သူ ၂၇၃ ဦးကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ရေဘေးကင်းလွတ်ရာနေရာများသို့ ရွှေ့ပြောင်းပေးပြီး ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ပေးကာ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

❑ **စက်သုံးဆီအရောင်းဆိုင်များမှ**

ဆီတင်ယာဉ်များအားလုံးတွင် GPS တပ်ဆင်၍ GPS Platform တွင် Active ဖြစ်စေရေးနှင့် စက်သုံးဆီ သယ်ယူမှုလမ်းကြောင်းများ မှန်ကန်မှုရှိ၊ မရှိနှင့်သတ်မှတ်နေရာများသို့ရောက်ရှိမှု ရှိ၊မရှိ GPS Tracking များကိုစစ်ဆေးခြင်း၊ စက်သုံးဆီဆိုင်များတွင် ဆီပြတ်လပ်မှုမရှိစေရေး ဖြည့်တင်းစီမံဆောင်ရွက်ပေးခြင်း၊ ဖြည့်တင်းပေးသည့် စက်သုံးဆီများကို သုံးစွဲသူများထံသို့ ရောက်ရှိစေရေးအတွက် ဖြည့်တင်းမှု ကွင်းဆက်တစ်လျှောက် စစ်ဆေးကြပ်မတ်ခြင်း၊ စက်သုံးဆီများ မသက်ဆိုင်သည့် နေရာများသို့ရောက်ရှိမှု မရှိစေရေးနှင့် စက်သုံးဆီဖြန့်ဖြူးမှုများ Real Demand၊ Real PO ဖြစ်စေရေးတို့ကို စနစ်တကျစစ်ဆေးကြပ်မတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းဆောင်ရွက်ခြင်း ရှိ၊မရှိ ယမန်နေ့ မွန်းလွဲပိုင်းတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် စစ်ဆေးရေးအရာရှိချုပ်တို့သည် ကရင်ပြည်နယ် ဘားအံမြို့သို့ သွားရောက်၍ စက်သုံးဆီအရောင်းဆိုင်များတွင် စက်သုံးဆီဝယ်ယူခွင့်(PO) အလိုက် စနစ်တကျရောင်းချမှုရှိစေရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် မုဒုံမြို့နယ် ကတုံးပေါ်ကျေးရွာရှိ စက်သုံးဆီများ သိုလှောင်ဖြန့်ဖြူးလျက်ရှိသည့် PPIP Terminal သို့ရောက်ရှိပြီး မွန်ပြည်နယ်အတွင်း စက်သုံးဆီများပြတ်လပ်မှုမရှိစေရေး၊ စက်သုံးဆီများ မသက်ဆိုင်သည့်နေရာများသို့ရောက်ရှိမှု မရှိစေရေးအတွက် စက်သုံးဆီများကို သတ်မှတ်ချက်များနှင့်အညီ စနစ်တကျဖြန့်ဖြူးခြင်း ဆောင်ရွက်သွားရန် ဌာနမှ တာဝန်ရှိသူများနှင့် PPIP Terminal မှ တာဝန်ရှိသူများကို မှာကြားသည်။

ထို့ပြင် မော်လမြိုင်မြို့ရှိ မွန်ပြည်နယ် ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးတွင် စက်သုံးဆီတင်ယာဉ်များတွင် GPS တပ်ဆင်၍ စနစ်အတွင်းဝင်ရောက်ပြီး Active ဖြစ်သည့် ဆီတင်ယာဉ်များကိုသာ PPIP Terminal အတွင်း ဝင်ရောက်ခွင့်နှင့် ဆီဖြည့်တင်းခွင့်ပြုစေရေး၊ စက်သုံးဆီများ အဆင်ပြေချောမွေ့စွာ ဖြန့်ဖြူးရောင်းချပေးနိုင်ရေးနှင့်ဆီတင်ယာဉ်များ သတ်မှတ်နေရာများသို့ အမှန်တကယ်ပို့ဆောင်ခြင်း ရှိ၊မရှိ GPS လမ်းကြောင်းများအား Online Monitoring စနစ်ဖြင့်စစ်ဆေးနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❍ **အားကောင်းသော အယ်လ်နီညိုမှ**

အဆိုပါအယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် မိုးရွာသွန်းမှု မမှန်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မမှန်ခြင်း၊ လာမည့်နွေကာလများတွင် နေ့အပူချိန်များမြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်းစသည့် အစွန်းရောက် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် မိမိတို့သက်ဆိုင်ရာ ကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်နိုင်ကြရန် အသိပေးအပ်ပါသည်။ **(မိုး/ဇလ)**

# ကနီ၊ ပြည်ကြီးတံခွန်နှင့် ကလေးမြို့တို့အနီး မြေငလျင်များ လှုပ်ခတ်

**နေပြည်တော် ဩဂုတ် ၂၁**

ယနေ့ နံနက် ၁၁ နာရီ ၁၇ မိနစ် ၄၈ စက္ကန့်အချိန်တွင် ကန့်ဘလူမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၇၁ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ကနီမြို့၏ အနောက်မြောက်ဘက် ၁၃ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၂ ဒသမ ၅၃ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၆၈ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃ဒသမ၇(M)အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်၊ ညနေ ၃ နာရီ ၃၈ မိနစ် ၅၅ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ တောင်–အနောက်တောင်ဘက် ၁၀ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ပြည်ကြီးတံခွန်မြို့နယ်၏ အနောက်တောင်ဘက် သုံးမိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၁ ဒသမ ၈၇ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၀၇ ဒီဂရီ၊ အနက် ၁၁ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၃ ဒသမ ၈(M)အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်၊ ညနေ ၄ နာရီ ၄၂ မိနစ် ၃၈ စက္ကန့်အချိန်တွင် ဟားခါးမြေငလျင်စခန်းမှ မြောက်–အရှေ့မြောက် ဘက် ၅၂ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ကလေးမြို့၏ မြောက်–အနောက်မြောက်ဘက် ကိုးမိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၃ ဒသမ ၃၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒသမ ၉၉ ဒီဂရီ၊ အနက် ၅၂ ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၄ ဒသမ ၁(M)အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တို့လှုပ်ခတ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

◆ **မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲမှ**

ပြီးခဲ့သည့် ၂၀၂၅–၂၀၂၆ ဘောလုံးရာသီက မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကို ရန်ကုန်မြို့တွင်သာ ကျင်းပခဲ့သော်လည်း လာမည့်ဘောလုံးရာသီတွင် ရန်ကုန်မြို့၊ မန္တလေးမြို့၊ တောင်ကြီးမြို့၊ ပုသိမ်မြို့၊ ပဲခူးမြို့တို့တွင်ကျင်းပသွားမည်ဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲတွင် ရန်ကုန်မြို့ရှိ YUSC အားကစားကွင်းကို ရန်ကုန်ယူနိုက်တက်အသင်း၊ သီဟဒီပ အားကစားကွင်းကို ISPE အသင်း၊ ပဒေသာအားကစားကွင်း သို့မဟုတ် မြသီတာအားကစားကွင်းကို ရန်ကုန်စီးတီးအသင်း၊ တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်းကို ရှမ်းယူနိုက်တက်အသင်း၊ ပုသိမ်မြို့ရှိ ကျောက်တိုင်အားကစားကွင်းကို ရောဝတီယူနိုက်တက်အသင်း၊ မန္တလေးမြို့ရှိ ဗထူးအားကစားကွင်းကို ရတနာပုံအက်ဖ်စီအသင်းတို့က အိမ်ကွင်းအဖြစ် လက်ခံကျင်းပသွားမည်ဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁) အဖြစ် ဩဂုတ် ၂၈ ရက်တွင် ချင်းလန်းအက်ဖ်စီအသင်းနှင့် ရတနာပုံအက်ဖ်စီအသင်း၊ သစ္စာအားမာန်အသင်းနှင့် မြဝတီအက်ဖ်စီအသင်း၊ ဩဂုတ် ၂၉ ရက်တွင် ဒဂုံစတားအသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်း၊ ရောဝတီယူနိုက်တက်အသင်းနှင့် ISPE အသင်း၊ ဩဂုတ် ၃၀ ရက်တွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် စစ်ကိုင်းယူနိုက်တက်အသင်း၊ ရန်ကုန်စီးတီးအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ အသီးသီးယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

## ၂၁-၈-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

- ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်၊ ကားဆိုင်ကယ် အပိုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဓာတ်မြေဩဇာ၊ အီလက်ထရောနစ်ပစ္စည်း တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍမှဝင်ရောက်ငွေကို စားသုံးဆီကဏ္ဍနှင့် CMP ကဏ္ဍတို့သို့ ရောင်းချပေးခဲ့ပါသည်။

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၈ ~ ၃၆၆၉ | ၅၁၇ ~ ၅၁၈.၇ | ၁၂၄.၉ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၆,၈၃၇,၉၅၅.၀၇ | ၈၇,၅၉၁,၆၃၈.၁၄ | ၃၃,၅၇၈,၉၄၀.၀၀ | - |

# နမ့်စန်မြို့၊ မိုင်းနောင်မြို့နှင့် တွံတေးမြို့နယ်တို့ရှိ သံဃာတော်များ၊ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံ တိုင်းရင်းသားပြည်သူများကို ကျန်းမာရေးအသိပညာပေးဟောပြောစဉ်။




သံဃာတော်များအား ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဩဂုတ် ၂၁**

တပ်မတော်အနေဖြင့် တိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့် အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့် ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့ များက ဒေသအသီးသီးရှိဒေသခံ တိုင်းရင်း သားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်း များ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အရှေ့အလယ်ပိုင်းတိုင်းစစ် ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ ပန်လင်းဆိုင်ကျေးရွာ ဘုရားဖြူကျောင်းရှိ လင်းဆိုင်ဟိန်းဓမ္မာရုံ၌ အခြေပြု၍ အဆိုပါကျေးရွာရှိ ဒေသခံတိုင်းရင်းသား ၁၀၅ ဦးတို့ကို သွေးတိုးရောဂါ၊ ဆီးချို ရောဂါ၊ နှလုံးရောဂါ၊ အစာအိမ်ရောဂါ၊ အရိုးကျီးပေါင်းရောဂါ၊ သွားနှင့်ခံတွင်း ဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အရေပြားရောဂါ၊ ခါးရောဂါ၊ အသည်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသ ပေးခြင်းများနှင့် "ဝမ်းပျက်ဝမ်းလျှော ရောဂါနှင့် ရာသီတုပ်ကွေးရောဂါကာကွယ် ကုမှုနည်းလမ်းများအကြောင်း သိကောင်း စရာ"ခေါင်းစဉ်ဖြင့် ကျန်းမာရေးအသိ ပညာပေးဟောပြောခြင်းများ ဆောင်ရွက် ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သောလူနာများကို နမ့်စန်မြို့ရှိ တပ်မတော်ဆေးရုံသို့ တက်ရောက်ဆေး ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ် သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက် ပေးကာ အဆိုပါကျောင်းတိုက် ဆရာတော် အား လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မ အလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့ပြင် တပ်မတော်နယ်လှည့်ဆေး ကုသရေးအဖွဲ့မှ မိုင်းနောင်မြို့ မြို့ပေါ် ငါး ရပ်ကွက်မှ သက်ကြီးဘိုးဘွား ဦးရေ ၁၅၀ တို့ကို သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်း များ ဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန် တိုင်းဒေသကြီး တွံတေးမြို့နယ် ခလုပ် ကျေးရွာရှိ ခလုပ်ကျောင်းတိုက်၌ အခြေပြု ၍အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာ များရှိ သံဃာတော် ၁၅ ပါး၊ ဒေသခံပြည်သူ ၁၃၄ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ် ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်း ရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွား မီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက် ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ဒလတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ် သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့မှ မော်တော်ယာဉ်များကို ကားသော့အတုများ အသုံးပြု၍ ခိုးယူခဲ့သူ တရားခံအမျိုးသားတစ်ဦးကို သက်သေခံမော်တော်ယာဉ် ခြောက်စီးနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၁**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၃)ရပ်ကွက်နေ ဦးစိုးခိုင်ဦး ၅၆ နှစ်သည် ဩဂုတ် ၁၁ ရက် ညပိုင်းတွင် ၎င်းပိုင် YGN–44 7G–3513 TOYOTA TOYOACE LYZ 30 LIGHT TRUCK မော်တော် ယာဉ်ကို အမှတ်(၃)ရပ်ကွက် အေးရိပ်မွန် (၂)လမ်းနှင့် ရတနာမွန်(၅) လမ်းထောင့် တွင် ညအိပ်ရပ်ထားခဲ့ရာမှ ဩဂုတ် ၁၂ ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ် ရပ်ထားသည့်နေရာသို့ သွားရောက် ကြည့်ရှုခဲ့ရာ မော်တော်ယာဉ်ကို တွေ့ရှိ ခြင်းမရှိဘဲ ပျောက်ဆုံးနေသဖြင့် ခိုးယူ သွားသူကို စုံစမ်းဖော်ထုတ်အရေးယူ ပေးပါရန် တိုင်တန်းချက်အရ ပိတောက် ချောင်းနယ်မြေရဲစခန်းက (ပ)၁၁၅/၂၀၂၆၊ ရာဇသတ်ကြီးပုဒ်မ ၃၇၉(ကား)ဖြင့် အမှု ရေးဖွင့်စုံစမ်းဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မော်တော် ယာဉ်ခိုးယူသူတရားခံ ဖော်ထုတ်ဖမ်းဆီး ရမိနိုင်ရေး အခင်းဖြစ်ရပ်မှတ်တမ်းများကို စစ်ဆေးဆောင်ရွက်ခြင်း၊ နယ်မြေသတင်း ရယူစုံစမ်းခြင်းတို့ဆောင်ရွက်ခဲ့ရာ ခိုးမှု ကျူးလွန်သူ တရားခံ ဧရာဝတီတိုင်းဒေသ ကြီး ပန်းတနော်မြို့နယ် အင်းတကော် ကျေးရွာနေ စိုးသန်း ခေါ် ကိုကိုလေး ၅၃ နှစ်ကို ဩဂုတ် ၁၈ ရက် ညပိုင်းတွင် လှိုင် မြို့နယ် (၂)ရပ်ကွက် ဘုရင့်နောင် လမ်းသွယ်(၂)လမ်းရှိ Royal Toe Hotel၊ အခန်းအမှတ်(၂၀၇)၌ ဖမ်းဆီးရမိခဲ့သည်။

တရားခံ စိုးသန်း ခေါ် ကိုကိုလေးကို စစ်ဆေးဖော်ထုတ်ချက်အရ ၎င်းသည် ဩဂုတ် ၁၂ ရက် နံနက်ပိုင်းတွင် လှိုင် မြို့နယ်၊ အမှတ်(၃)ရပ်ကွက် အေးရိပ်မွန် (၂)လမ်းနှင့် ရတနာမွန်(၅) လမ်းထောင့် တွင် ရပ်တန့်ထားသော YGN–44 7G–3513 TOYOTA TOYOACE LYZ 30 LIGHT TRUCK အမျိုးအစား မော်တော်ယာဉ် တစ်စီးကို အသင့်ပါလာသော ကားသော့ အတုများဖြင့်ဖွင့်ကာ ခိုးယူခဲ့ကြောင်း ဖော်ထုတ်သိရှိရပြီး သက်သေခံမော်တော် ယာဉ်ကို ဩဂုတ် ၁၈ ရက် ညနေပိုင်းတွင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် စက်မှု ဇုန်(၁) မက္ခရာမင်းသားကြီး မောင်ပျိုလမ်း နှင့် ဦးရွှေရိုးလမ်းဘေး၌ သိမ်းဆည်းရမိ ခဲ့သည်။

ဆက်လက်၍ တရားခံ စိုးသန်း ခေါ် ကိုကိုလေးကို အခြားပြစ်မှုများ ကျူးလွန် ထားခြင်းရှိ၊မရှိစစ်ဆေးခဲ့ရာ ၎င်းသည် ဩဂုတ် ၉ ရက် မွန်းလွဲပိုင်းတွင် ကမာရွတ် မြို့နယ် နာနတ်တောလမ်းနှင့် လှည်းတန်း လမ်းထောင့်ရှိ ဂရန်းဟံသာဆေးရုံ ကား ပါကင်တွင်ရပ်တန့်ထားသော YGN–36 1D–6099 TOYOTA HIACE အမျိုးအစား မော်တော်ယာဉ် တစ်စီး၊ ဩဂုတ် ၁၀ ရက် ညပိုင်းတွင် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် ရန်ကုန်–ပုသိမ်လမ်းမကြီးနှင့် ဗိုလ်ချုပ်အောင်ဆန်း လမ်းထောင့်ရှိ မန်းမြို့တော်လက်ဖက်ရည်ဆိုင်ရှေ့တွင် ရပ်တန့်ထားသော YGN–6 5F–5067 MAZDA BONGO အမျိုးအစား မော်တော် ယာဉ်တစ်စီး၊ ဩဂုတ် ၁၃ ရက် မွန်းလွဲပိုင်း တွင် အလုံမြို့နယ် စောရန်ပိုင်အရှေ့ ရပ်ကွက် နှင်းဆီကုန်းလမ်းမပေါ်ရှိ လင်းဝင်းပရိဘောဂဆိုင်အနီးတွင် ရပ်တန့် ထားသော YGN–45 1J–1695 DAIHATSU HIJET အမျိုးအစား မော်တော်ယာဉ်တစ်စီး နှင့် ညနေပိုင်းတွင် လမ်းမတော်မြို့နယ် အမှတ်(၁)ရပ်ကွက် အနော်ရထာလမ်းနှင့် (၃)လမ်းထိပ်တွင် ရပ်တန့်ထားသော YGN–10 7I–6739 TOYOTA ACE အမျိုး အစား မော်တော်ယာဉ် တစ်စီး၊ ဩဂုတ် ၁၄ ရက် နံနက်ပိုင်းတွင် အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက် သီရိမင်္ဂလာလမ်းမ (ဂျပန်လမ်း)တွင် ရပ်တန့်ထားသော YGN–39 8M–5151 SOE LIGHT TRUCK(1) TON အမျိုးအစား မော်တော်ယာဉ် တစ်စီး စုစုပေါင်း မော်တော်ယာဉ် ငါးစီးတို့ကို ကားသော့အတုများအသုံးပြု၍ အသီးသီး ခိုးယူခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဆက်လက်၍ သက်သေခံ မော်တော် ယာဉ်များကို သိမ်းဆည်းရမိရေး ဆောင် ရွက်ခဲ့ရာ ဩဂုတ် ၁၉ ရက် နံနက်ပိုင်းတွင် YGN–36 1D–6099 TOYOTA HIACE ယာဉ် ကို လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ရေဦးကွံ့ ကျေးရွာ ကျန်စစ်သားလမ်း သောင်ကြီး လေးဓမ္မာရုံအနီးမှလည်းကောင်း၊ YGN–6 5F–5067 MAZDA BONGO ယာဉ်အား မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက် ဘုရင့်နောင်ပွဲရုံဝင်း စံပယ်လမ်း မင်္ဂလာ သန်းမြင့် ကားပါကင်ဝင်းအနီးမှလည်း ကောင်း၊ YGN–45 1J–1695 DAIHATSU HIJET ယာဉ်ကို လမ်းမတော်မြို့နယ် အမှတ်(၈)ရပ်ကွက် ဝါးတန်းလမ်းပေါ်မှ လည်းကောင်း၊ YGN–10 7I–6739 TOYOTA ACE ယာဉ်ကို လမ်းမတော်မြို့နယ်



ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့မှ မော်တော်ယာဉ်များကို ကားသော့အတုများအသုံးပြု၍ ခိုးယူခဲ့သူ စိုးသန်း ခေါ် ကိုကိုလေးကို သက်သေခံ မော်တော်ယာဉ် ခြောက်စီးနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

(၂)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း ဟယ်(လ်)ပင်ကလေးဆေးရုံအနီးမှလည်း ကောင်း၊ YGN–39 8M–5151 SOE LIGHT TRUCK(1) TON ယာဉ်ကို လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် ရွှေလင်ပန်း စက်မှုဇုန်ရှိ တွင်းသင်းတိုက်ဝန် ဦးထွန်းညို လမ်းနှင့် မောင်ကျန်သီးလမ်းထောင့်မှ လည်းကောင်း အသီးသီးသိမ်းဆည်းရမိ ခဲ့သည်။

တရားခံ စိုးသန်း ခေါ် ကိုကိုလေး၏ ထွက်ဆိုချက်အရ ၎င်းသည် ဩဂုတ် ၉ ရက်မှစတင်၍ မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက် ကျန်စစ်သားလမ်းရှိ NICE DAY Hotel ၌ ရောက်ရှိတည်းခိုနေထိုင်ခဲ့ပြီး ရန်ကုန်မြို့အတွင်းရှိ မြို့နယ်အချို့မှ ရပ်တန့်ထားသည့် မော်တော်ယာဉ်များကို လိုက်လံကြည့်ရှုခဲ့ကာ ကားသော့အတုများ အသုံးပြု၍ မော်တော်ယာဉ်များကို ခိုးယူ ခဲ့ပြီးနောက် ခိုးယူရာမှရရှိသည့် မော်တော် ယာဉ်မှ ဆီများထုတ်ယူရောင်းချခြင်း၊ ကားဘက်ထရီအိုးနှင့် ကားဘီးများဖြုတ်၍ ရောင်းချခြင်းများ ပြုလုပ်ခဲ့ခြင်းဖြစ် ကြောင်း သိရှိရသည်။

ဖြစ်စဉ်တွင် ရန်ကုန်မြို့အတွင်းရှိ မြို့နယ်အချို့မှ မော်တော်ယာဉ် ခြောက်စီး ကို ခိုးယူခဲ့သူ တရားခံ စိုးသန်း ခေါ် ကိုကိုလေးကို သက်သေခံမော်တော်ယာဉ် များနှင့်အတူ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူ နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိ ကြောင်း သတင်းရရှိသည်။

(၅၀၁)

# အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီး ဦးမင်းအောင်လှိုင် အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ ပလက်ဟာနော့ဗ် စီးပွားရေးတက္ကသိုလ်မှ ဂုဏ်ထူးဆောင်ပါမောက္ခဘွဲ့ ကို ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ (၁၉)ရက်နေ့တွင် အပ်နှင်းခဲ့သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)မှ အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

နာယက၊ ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)

## ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသမီး) ဗိုလ်လောင်းလျှောက်လွှာများအား ၂၉-၆-၂၀၂၆ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ ၂၇-၈-၂၀၂၆ ရက်နေ့တွင် လျှောက်လွှာများပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာ ထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး (ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

### မီးလောင်နေစဉ်တွင်ရှောင်ရှားသင့်သည့် အချက်များ။

၁။ မီးလောင်နေသော အဆောက်အအုံ အတွင်းသို့ ပြန်လည်ဝင်ရောက်ခြင်း မပြုရ။



၂။ မီးလောင်နေစဉ်တွင် ဝင်လမ်း/ထွက်လမ်း ပိတ်ဆို့ခြင်း၊ လူစုခြင်း၊ လမ်းပေါ်တွင် ပစ္စည်းများချထားခြင်း မပြုလုပ်ရ။





၃။ အထပ်မြင့်တိုက်များတွင် မီးလောင်နေစဉ် ဓာတ်လှေကားကို ခုန်ချခြင်း မပြုလုပ်ရ။(အရေးပေါ် ထွက်ပေါက်ကိုအသုံးပြုပါ။)




### ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



### ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



**သင့်သွေးဖြင့် အသက်ကယ်ပါ**




KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
ပင်ရင်းအရောင်း- ဖုန်း - ၀၁ ၆၅၁၇၇၊ ၀၉ ၆၉၄၉၆၅၀၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




ပင်ရင်းအရောင်း-ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


## ဖခင်အမည်မှန်

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် MIA ကိုယ်ပိုင်အထက်တန်းကျောင်း Grade-9တွင်ပညာသင်ကြားနေသော မဟန်နီဇင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဇင်လတ်ခိုင် ဖြစ်ပါကြောင်း။

ဦးဇင်လတ်ခိုင် (၉/ညဥနု(နိုင်)၁၂၄၅၁၇)။

## ဖခင်အမည်မှန်

မန္တလေးမြို့ ၅၄ လမ်း ၁၂၅-၁၂၆ လမ်းကြား EVER TOP Private School၊ Grade-12 တန်းတွင် ပညာသင်ကြားနေသော မနှင်းဖြူသန့်၏ ဖခင်အမည်မှန်မှာ ဦးမင်းလွင်ဦး ဖြစ်ပါကြောင်း။

ဦးမင်းလွင်ဦး (၉/မခန(နိုင်)၁၇၇၆၉၂)။

## ဖခင်အမည်မှန်

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် အထက(၇) Grade-10 တွင် ပညာသင်ကြားနေသော မောင်အာကာမြင့်မြတ်၏ ဖခင်အမည်မှန်မှာ ဦးမြတ်စိုး ဖြစ်ပါကြောင်း။

ဦးမြတ်စိုး
(၉/မရတ(နိုင်)၀၀၀၃၆၄)။

## ပျောက်ဆုံးကြောင်း

မန္တလေး ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ်ကွက် စစ.၇/၇၁ နေ မောင်ဗန်ထောင်းထန်(ဘ)ဦးဟရန်းထန်(၅/ကလထ (နိုင်)၁၁၁၄၇၆)၏နိုင်ငံကူးလက်မှတ်-MD 495892 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-402606575.**

## ပျောက်ဆုံးကြောင်း

မန္တလေး မိုးကုတ်မြို့နယ် မင်းတံတားရပ်ကွက်နေ မလေးလေးထိုက် (ဘ) ဦးမူချောက်ဆိုင်(၉/မကန(နိုင်)၁၅၉၀၁၁) နိုင်ငံကူးလက်မှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-402706584.**

## ငလျင်လှုပ်ပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ။မိသားစုဝင်များပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့အကြောင်းကြားပါ။




၂။ ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။



## ငလျင်ဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိနေထိုင်ရာနေရာသည် မည်သည့်ငလျင်ဇုံတွင် ကျရောက်သည် မည်ကဲ့သို့ ပြင်ဆင်ထားသင့်သည်ကို လေ့လာထားပါ။



၂။ ဘေးကင်းလုံခြုံသောနေရာ၊လမ်းကြောင်းများကို သတ်မှတ်ထားပါ။ငလျင်လှုပ်နေချိန်တွင်ပြုမူနေထိုင်ရမည့် နည်းလမ်းများကို မိသားစုဝင်များအား အသိပေး လေ့ကျင့်ထားပါ။



❖ နိုင်ငံတော်ရှေးသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုတို့ မီဒီယာများနှင့် တွေ့ဆုံစဉ် နှစ်နိုင်ငံပူးတွဲ ကြေညာချက်များနှင့် အပြန်အလှန်ပြောကြားချက်များ စာမျက်နှာ - ၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့ရှိ မြန်မာ သံရုံးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ် စာမျက်နှာ - ၁၉

# မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံ နိုင်ငံတော်အဆင့် တွေ့ဆုံပွဲကျင်းပ



မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံ နိုင်ငံတော်အဆင့် တွေ့ဆုံပွဲကျင်းပစဉ်။

နေပြည်တော် ဩဂုတ် ၂၁

မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံ နိုင်ငံတော်အဆင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့ရှိ သမ္မတနန်းတော် အစည်းအဝေးခန်း၌ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုတို့ တက်ရောက်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသော ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့ဝင်များ စာမျက်နှာ ၁၆ ကော်လံ ၁ ☆

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ မြဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညို၊ ထိုင်းဘုရင့် တပ်မတော်(လေ) အမျိုးသားလေကြောင်းထိန်းသိမ်းမှု ပြတိုက်နှင့် ထိုင်းဘုရင့်တပ်မတော်ဖွံ့ဖြိုးရေးဌာနချုပ်သို့ သွားရောက်လေ့လာ စာမျက်နှာ - ၂၂

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ စစ်သံရုံးရှိ ဝန်ထမ်းများနှင့် သင်တန်းသားများကို တွေ့ဆုံအမှာစကားပြောကြား စာမျက်နှာ - ၂၃

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိ စာမျက်နှာ - ၂၃

## ကရင်ပြည်နယ် မြဝတီမြို့၊ လှိုင်းဘွဲ့မြို့၊ ကြာအင်းဆိပ်ကြီးမြို့နှင့် မွန်ပြည်နယ် ရေးမြို့နယ်တို့၌ ရေကြီးရေလျှံမှုများဖြစ်ပေါ်သဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၁

ကရင်ပြည်နယ်အတွင်းရှိ မြို့ရွာအချို့၌ မိုးအဆက်မပြတ် ရွာသွန်းမှုများကြောင့် ယနေ့နံနက်ပိုင်းမှစ၍ မြဝတီမြို့နယ်ရှိ ရပ်ကွက်ငါးခု၌လည်းကောင်း၊ လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ရပ်ကွက်နှစ်ခု၌လည်းကောင်း၊ ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်းရှိ အမှတ်(၆) ရပ်ကွက်အတွင်း၌ လည်းကောင်း ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည့် စာမျက်နှာ ၂၈ ကော်လံ ၁ ❖



အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက လှိုင်းဘွဲ့မြို့နယ်ရှိ ရေဘေးသင့်ပြည်သူများကို ရေဘေးကင်းလွတ်ရာနေရာများသို့ ကူညီရွှေ့ပြောင်းပေးစဉ်။

## ၂၀၂၆-၂၀၂၇ ဘောလုံးရာသီ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပထမအကျော့ပွဲစဉ်ဇယားများ ထုတ်ပြန်

ရန်ကုန် ဩဂုတ် ၂၁

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၂၆-၂၀၂၇ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကို လာမည့် ဩဂုတ် ၂၈ ရက်မှစတင်ပြီး ရန်ကုန်မြို့အပါအဝင် မြို့ကြီးငါးမြို့တွင် ကျင်းပသွားမည်ဖြစ်ပြီး ပထမအကျော့အတွက် ပွဲစဉ်ဇယားများကို ယနေ့ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။ စာမျက်နှာ ၂၈ ကော်လံ ၁ ◆